မြကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၀ ရက်၊ စနေနေ့၊ (26-6-2004) (၄၂၇၆)

ဗာဟု သစ္စဥ
တော် မင်္ဂလ မုတ္တမံ။

အကြားအမြင် များခြင်းသည် မြတ်သော မင်္ဂလာမည်၏။

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်း(၈၀)ဖြစ်သည်။

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ၂၀၀၄ခုနှစ် ကျောက်စိမ်းကျောက်မျက် အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသသည့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်အရိုင်း၊ အထည်ကျောက်အရိုင်းနှင့် အသားကျောက်အရိုင်းတုံးများကို ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၄ခုနှစ် ကျောက်စိမ်းကျောက်မျက် အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၅

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ယနေ့ ညနေပိုင်းတွင် ၂၀၀၄ခုနှစ် ကျောက်စိမ်းကျောက်မျက် အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ရောက်ရှိ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါလျက် ယနေ့ညနေ ၃နာရီတွင် ၂၀၀၄ခုနှစ် ကျောက်စိမ်းကျောက်မျက် အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသသည့် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမသို့ ရောက်ရှိရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ၂၀၀၄ခုနှစ် ကျောက်စိမ်းကျောက်မျက် အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီဝင်များနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ပြသရှင်းလင်း

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမ **စာမျက်နှာ ၂ ကော်လံ ၃ သို့** ✳

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းတွင် ဆက်လက်ကျင်းပ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေး ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က အကြံပြုချက်စာတမ်းများ ဖတ်ကြားတင်ပြ

ရန်ကုန် ဇွန် ၂၅

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့တစ်ခုဖြစ်သော နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့က ယင်းတို့၏ ဆွေးနွေးအကြံပြုချက် စာတမ်းများကို အသီးသီး ဖတ်ကြားတင်ပြကြသည်။

တက်ရောက်

ယနေ့ ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများဖြစ်သည့် ကိုးကန့် ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ 'ဝ'အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❐

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စဖြစ်သည်။

ကြေးမုံ The Mirror
၂၆-၆-၂၀၀၄
(စနေနေ့)

မူးယစ်ဆေးဝါးအမြစ်ပြတ်ပပျောက်ရေး တိုင်းရင်းသားပြည်သူအားလုံးပူးပေါင်းဆောင်ရွက်

မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားအားလုံးကို ခြိမ်းခြောက်အန္တရာယ်ပြုလျက်ရှိသဖြင့် နိုင်ငံတိုင်း၊ ဒေသတိုင်းက မူးယစ်ဆေးဝါး တားဆီးကာကွယ်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

မူးယစ်ဆေးဝါးပြဿနာသည် မြန်မာနိုင်ငံတွင် ကိုလိုနီနယ်ချဲ့တို့ မျိုးစေ့ချပေးခဲ့သည့် ဆိုးမွေတစ်ရပ်ဖြစ်သည်။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများအပေါ် ရေရှည် သွေးစုပ်ခြယ်လှယ် အုပ်ချုပ်နိုင်ရန်အတွက် တိုင်းရင်းသားအချင်းချင်း သံသယစိတ်ကြီးထွားစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားစေရန် နည်းမျိုးစုံဖြင့် လုပ်ကြံဖန်တီးခဲ့သည်။

ထို့အတူ တစ်ဖက်ကလည်း တစ်မျိုးသားလုံးကို လူညွန့်တုံးစေမည့်ဘိန်းကို တိုင်းရင်းသားများ စိုက်ပျိုးထုတ်လုပ် သုံးစွဲတတ်စေရန် လုပ်ဆောင်ခဲ့ကြသည်။ တစ်မျိုးသားလုံး အမျိုးဂုဏ်၊ ဇာတိဂုဏ် ပျက်ပြားစေပြီး စီးပွားရေးနှင့် လူမှုရေးများ နိမ့်ပါးစေရန် မူးယစ်ဆေးဝါးကို အဖျက်လက်နက်အဖြစ် ရည်ရွယ်ချက်ရှိရှိ အသုံးချခဲ့သည်ကို တွေ့ရသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက ကိုလိုနီနယ်ချဲ့တို့ ရည်ရွယ်ချက်ရှိရှိ ဖန်တီးထားခဲ့သည့် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်မှု အမွေဆိုးကြီးကို မြန်မာ့မြေက အပြီးတိုင် ဖယ်ရှားပစ်ရေး အစီအမံများကို တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်မှုဖြင့် နိုင်ငံတော်အတွင်း မူးယစ်ဆေးဝါးပပျောက်ရေး ၁၅ နှစ်စီမံကိန်းကို ၁၉၉၉ ခုနှစ်မှ စတင်ချမှတ်ကာ စီမံချက်အတိုင်း အဆင့်လိုက် အကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်က မူးယစ်ဆေးဝါး ပပျောက်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် တားဆီးနှိမ်နင်းရေးလုပ်ငန်းများအပြင် ဘိန်းစိုက်ပျိုးမှု ပပျောက်စေမည့် အစီအမံများကိုလည်း ချမှတ်ဖော်ဆောင်လျက်ရှိသည်။ ဘိန်းစိုက်ပျိုးလေ့ ရှိတတ်သည့် နယ်မြေဒေသများတွင် ဒေသခံတိုင်းရင်းသားများကို စည်းရုံးပညာပေးရင်း ဘိန်းအစား အခြားသီးနှံများ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကုန်ထုတ်လုပ်ရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများ ထူထောင်ရေးတို့တွင် အားပေးကူညီ ဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး တရားမဝင် ထုတ်လုပ်ရောင်းဝယ်ခြင်းများ ပပျောက်ရေးအတွက် ပန်းတိုင်သစ် စီမံကိန်းကို ထပ်မံအားဖြည့်ဆောင်ရွက်လျက်ရှိသည်။ ပန်းတိုင်သစ်စီမံကိန်း၏ ထူးခြားချက်မှာ အစိုးရအဖွဲ့ - အဖွဲ့ဝင် ဝန်ကြီးနှင့် ဒုတိယဝန်ကြီးများ ခေါင်းဆောင်သော အဖွဲ့များက စီမံကိန်းဝင် ဒေသခြောက်ခုသို့ ကွင်းဆင်းကာ ဒေသခံ ဘိန်းစိုက်တောင်သူများနှင့် တိုက်ရိုက်ထိတွေ့ပြီး တောင်သူများကို ဘိန်းအစားထိုး အသက်မွေး ဝမ်းကျောင်းလုပ်ငန်းများ ထူထောင်ပေးခြင်း၊ စည်းရုံးပညာပေးခြင်း၊ ငွေကြေးနှင့် အခြားစားနပ်ရိက္ခာများ ထောက်ပံ့ပေးခြင်းများကြောင့် ဘိန်းစိုက်တောင်သူများကိုယ်တိုင်က ဘိန်းစိုက်ပျိုးမှုကို လိုလိုလားလား စွန့်လွှတ်လာကြသည်ကို တွေ့ရသည်။

နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါး ပပျောက်စေရေးအတွက် တိုင်းရင်းသားပြည်သူတို့၏ ပူးပေါင်းပါဝင်မှု စွမ်းအားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းလျက်ရှိသကဲ့သို့ နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပူးပေါင်း၍ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ နိုင်ငံတော်က မူးယစ်ဆေးဝါး ပပျောက်ရေးအတွက် ခိုင်မာသောသန္နိဋ္ဌာန်ဖြင့် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသဖြင့် နိုင်ငံတကာ မူးယစ်ဆေးဝါးဆိုင်ရာ အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါးပပျောက်ရေး ကြိုးပမ်းလုပ်ဆောင်မှုများကို အသိအမှတ်ပြု မှတ်တမ်းတင်လျက် ရှိနေပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အစိုးရက မူးယစ်ဆေးဝါး အမြစ်ပြတ်ပပျောက်ရေးအတွက် နည်းလမ်းအသွယ်သွယ်ဖြင့် အရှိန်အဟုန်မြှင့် ကြိုးပမ်းလျက်ရှိရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး လုပ်ငန်းများ၌ နိုင်ငံတော်အစိုးရနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ၂၀၀၄ခုနှစ် ကျောက်စိမ်း ကျောက်မျက် အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသသည့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ အလယ်ထပ် ဈေးပြိုင်ခန်းမ၌ ခင်းကျင်းပြသထားသော နိုင်ငံတော်နှင့် အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိက ကျောက်မျက်ကုမ္ပဏီများက ထုတ်လုပ်သည့် ထူးခြားကောင်းမွန်သော ကျောက်စိမ်းအထည်ကျောက်များကို ကြည့်ရှုစစ်ဆေးကြစဉ်။ (သတင်းစဉ်)

✻ ရွှေဖုံးမှ

မြေညီထပ်ရှိ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း၏ ကျောက်မျက် အရောင်းဆိုင်များ၊ ပုဂ္ဂလိက ကျောက်မျက်ရတနာအရောင်းဆိုင်များနှင့် ကျောက်ကပ်ပန်းချီ အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ၂၀၀၄ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက် အထူးရောင်းချပွဲကျင်းပရေး ဗဟိုကော်မတီဝင်များက လိုက်လံပြသရှင်းလင်းကြသည်။

ကြည့်ရှုလေ့လာ

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်အရိုင်း၊အထည်ကျောက်အရိုင်းနှင့် အသားကျောက်အရိုင်းတုံးများကို ကြည့်ရှုလေ့လာသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြန်မာ့ကျောက်မျက်ရတနာခန်းမ အပေါ်ဆုံးထပ်၌ ခင်းကျင်းပြသထားသော ကျောက်မျက်ရတနာအတွဲများကိုလည်းကောင်း၊ ခန်းမအလယ်ထပ် ဈေးပြိုင်ခန်းမ၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းဗုဒ္ဓရုပ်ပွားတော်နှင့် နိုင်ငံတော်နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ပုဂ္ဂလိကကျောက်မျက်ကုမ္ပဏီများက ထုတ်လုပ်သည့် ထူးခြားကောင်းမွန်သော ကျောက်စိမ်း အထည်ကျောက်များကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြရာ ၂၀၀၄ခုနှစ် ကျောက်စိမ်းကျောက်မျက်အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီဝင်များက လိုက်လံပြသရှင်းလင်းကြသည်။

မှာကြား

ထို့နောက် ဈေးပြိုင်ခန်းမ၌ ၂၀၀၄ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်အထူးရောင်းချပွဲ ကျင်းပရေး ဗဟိုကော်မတီနာယက၊ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က ၂၀၀၄ခုနှစ် ကျောက်စိမ်းကျောက်မျက်အထူးရောင်းချပွဲနှင့် ပတ်သက်၍ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာနိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ယနေ့ညနေပိုင်းတွင် မြန်မာ့ကျောက်မျက်ရတနာခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။ (သတင်းစဉ်)



၂၀၀၄ခုနှစ် ကျောက်စိမ်းကျောက်မျက် အထူးရောင်းချပွဲ အကြိုခင်းကျင်းပြသည့် ကမ္ဘာအေးစေတီလမ်းရှိ မြန်မာ့ကျောက်မျက်ရတနာခန်းမ အဆောက်အအုံဝန်းကျင်၌ ခင်းကျင်းပြသထားသော ကျောက်စိမ်းအရည်ကျောက်အရိုင်း၊ အထည်ကျောက်အရိုင်းနှင့် အသားကျောက် အရိုင်းတုံးများကို တွေ့ရစဉ်။ (သတင်းစဉ်)

(၂၀)ကြိမ်မြောက် ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းများ အစည်းအဝေး။
(၅)ကြိမ်မြောက် အာဆီယံ၊ တရုတ်၊ ဂျပန်နှင့် ကိုရီးယား ခရီးသွားလုပ်ငန်း အာဏာပိုင်အဖွဲ့အစည်းများအစည်းအဝေး။
တတိယအကြိမ် အာဆီယံ-အိန္ဒိယ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေး
မြန်မာနိုင်ငံ၊ တောင်ကြီးမြို့
၂၀၀၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့မှ ဇူလိုင်လ ၁ ရက်နေ့အထိ

ရွှေပြည်သာ သာသနဒီပံ တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၅

ရန်ကုန်မြို့ ရွှေပြည်သာမြို့နယ် ၆/၁၀ ရပ်ကွက် ချင်းတွင်းလမ်း သာသနဒီပံ မဟာစည်ရိပ်သာ၌ ဇူလိုင် ၁၅ ရက်မှ ၂၂ ရက်ထိ ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားများကို အခြေခံမှစ၍ အရှင်သိရိန္ဒ (ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)က ဟောကြားပြသမည်ဖြစ်ရာ တရားစခန်းဝင်လိုသော ယောဂီများ ရိပ်သာဖုန်း ၇၀၇၄၉၇နှင့် ၆၆၆၆၆၄ တို့သို့ ဆက်သွယ်စာရင်းပေးနိုင်ကြောင်း သိရသည်။ (က–ပ)

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

ဖွံ့ဖြိုးသာယာနေသော မောမြေသို့တစ်ခေါက်

ချစ်နိုင်(စိတ်ပညာ)

(၁)

ရှမ်းပြည်နယ် မြောက်ပိုင်းတစ်ခွင်၌ ၁၂ နှစ်ကျော်မျှ စစ်ဆင်ရေး၊ လုံခြုံရေးတာဝန်များ ထမ်းဆောင်ခဲ့ဖူးသည်။ တပ်စုမှူး၊ တပ်ခွဲမှူးအဖြစ် စစ်ရေးတာဝန်ထမ်းရွက်ရာ၌ မြို့ပြများမှာ နေရချိန်က နည်းပါးလှပါသည်။ တောထဲတောင်ထဲမှာပဲ လှုပ်ရှားသွားလာရပါသည်။ တိုင်းရင်းသားများ၏ ကျေးရွာများအနှံ့ လှည့်လည်သွားလာရသည်။ လားရှိုးမြို့၏ အရပ်ရှစ်မျက်နှာတွင် မိမိမရောက်ဖူးသောရွာဟူ၍ မရှိ။

လားရှိုး၊ သိန္နီ၊ တန့်ယန်း၊ ကွမ်းလုံ၊ မိုင်းရယ်၊ သီပေါ၊ ကျောက်မဲ၊ နမ့်စန်၊ နမ္မတူနှင့် နောင်ချိုမြို့နယ်များတွင် မတက်ဖူးသောတောင်ကြောဟူ၍ မရှိ သလောက်၊ မဖြတ်ဖူးသော မြစ်ချောင်းဟူ၍ မရှိသလောက်။ ခြေလျင်စစ်သားဘဝတွင် လမ်းလျှောက်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်မှုကို ပိုမိုရခဲ့၏။ နွေ၊မိုး၊ဆောင်း သုံးရာသီစလုံးပင် ကျောပိုးအိတ်ကိုလွယ်ကာ တစ်တောဝင်ထွက် တစ်ကုန်းတက်၍ တစ်တောင်ကျော်ခဲ့ရသည်။

သို့သော် မူဆယ်မြို့နယ်မန်ဟီးရိုးမြို့သို့မူ တစ်ခါမျှမရောက်ဖူးခဲ့။ ကွတ်ခိုင်မြို့၏ အရှေ့မြောက်ဘက်အရပ် ၁၇ မိုင်ကွာဝေးသော တာမိုးညဲမြို့သို့လည်း မိမိတစ်ကြိမ်မျှ မရောက်ခဲ့ရ။ ထိုအမည်များနှင့် ရင်းနှီးကျွမ်းဝင်ခဲ့ဖူးသော်လည်း ထိုနေရာသို့ ခြေမချဖူးခဲ့ပေ။

၂၀၀၄ ခုနှစ် ဇွန်လ ၁၈ ရက်တွင် မူဆယ်မြို့နယ် ရွှေလီမြစ်ကို ကူးဖြတ်လျက် မန်ဟီးရိုးမြို့သို့ပထမဦးဆုံးအကြိမ် ရောက်ဖူးခဲ့ရပြီ။ ဇွန်လ ၁၉ ရက်တွင် မူဆယ်၊ နမ့်ခမ်း၊ ကွတ်ခိုင်မြို့များမှတစ်ဆင့် မန်ဟီးရိုးမြို့သို့ ရောက်ခဲ့သည်။ ဒေသခံတိုင်းရင်းသားများနှင့် တွေ့ဆုံကြရသည်။ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းသည် ဤနယ်မြေအတွင်း တာဝန် ထမ်းဆောင်ခဲ့ဖူးသည်။ နယ်မြေကိုကျွမ်းသည်။ လူထုနှင့်ရင်းနှီးသည်။ အခါခါ အခေါက်ခေါက် ရောက်ဖူးသူဖြစ်သည်။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီး ယခု တစ်ခေါက် ပြန်လည်ရောက်ရှိခြင်းဖြစ်သဖြင့် အဝေးမြေမှ ပြန်လည်ရောက်ရှိလာသူ ဆွေမျိုးသားချင်းတစ်ဦး ရွာသို့ပြန်လာသကဲ့သို့ အပြုံးကိုယ်စီဖြင့် ဝိုင်းဝန်းကြိုဆိုကြပေသည်။ ဖက်လှဲတကင်း ရင်းရင်းနှီးနှီးရှိလှသည်။

ဒုတိယဝန်ကြီးနှင့်အတူ ရှမ်းပြည်နယ်အရှေ့ပိုင်း နယ်စပ်မြို့ရွာများသို့လည်း သွားရောက်ခဲ့ဖူးသည်။ ဒေသခံတိုင်းရင်းသားများနှင့် အလားတူ ကြည်နူးဖွယ် ဆုံစည်းမှုမျိုးကို တွေ့မြင်ခဲ့ရသည်။

တာမိုးညဲသို့ ရောက်သောအခါ တာမိုးညဲမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်စီမံမှုဖြင့် ဌာနဆိုင်ရာအသီးသီးသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။ ထပ်ဆင့်လွှင့်စက်ရုံရှိသည်။ မြန်မာ့ရုပ်မြင်သံကြားကို အချိန်ပြည့် ဖမ်းယူကြည့်ရှုနိုင်ကြ၏။ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး စာကြည့်တိုက် ဖွင့်ထား၏။ ဝန်ထမ်းလေးဦးရှိ၏။ ကချင်နှင့် ရှမ်း၊ ပလောင်တိုင်းရင်းသားများဖြစ်၏။ ဌာနေဝန်ထမ်းများဖြစ်ကြ၏။ ဘွဲ့ရ ကချင်အမျိုးသမီးလေးက မြို့နယ်ဒုတိယ ဦးစီးမှူးအဖြစ် ဆောင်ရွက်နေသည်။ ရှေးကထက် လုံခြုံရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေအနေများ အထူးတိုးတက်ပြောင်းလဲခဲ့ပေပြီ။ အားတက်စရာ ကောင်းသည်။ ဝမ်းသာစရာကောင်းသည်။ မျက်မြင်ဒိဋ္ဌ တွေ့ရ မြင်ရသည်မှာ ကြည်နူးတက်ကြွစရာ ရှိလှသည်။

(၂)

ရန်ကုန်မှ ဇွန်လ ၁၈ ရက် သောကြာနေ့မှာ မြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခဲ့ကြသည်။ နံနက် ၈ နာရီမှာ မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ရှမ်းပြည်နယ် မြောက်ဖျား နယ်စပ်မှတ်တိုင်နားအထိ တစ်နေကုန်ကားဖြင့် ဆက်လက်ထွက်ခွာခဲ့ကြသည်။

နံနက် ၅ နာရီ အိပ်ရာထပြီး ထွက်ခဲ့ကြသော မိမိတို့သည် ညနေ ၅ နာရီတွင် မူဆယ်မြို့နယ် ရွှေလီမြစ် တစ်ဖက်ကမ်းသို့ စက်တပ်လှေလေးဖြင့် တဘုတ်ဘုတ်အသံပေးလျက် ကူးခပ်သွားနေပြီ။ မန်ဟီးရိုးမြို့ဆီ။

ရန်ကုန်မှ ၇၄၇ မိုင်ကွာဝေးသော ရွှေလီခေါ် နမ့်မောမြစ်ကို ကူးခဲ့ကြသည်။ ဟိုဘက်ကမ်း၌ အသင့်စောင့်ကြိုနေကြသော ကားများပေါ်တက်ကာ နှစ်မိုင်လောက် ခရီးဆက်ကြပြန်သည်။ ပတ်ဝန်းကျင်မှာ စိမ်းမြရောင်ခြယ် စပါးကွင်း၊ လယ်ကွင်းပြင်ကျယ်။

မန်ဟီးရိုးသည် ၁၉၆၈ ခုနှစ်မှ ၁၉၈၈ခုနှစ်အထိ မငြိမ်းချမ်း၊ မလုံခြုံသော မြို့နယ်တစ်ခု နယ်စပ်ဒေသဖြစ်ခဲ့၏။ ယနေ့မူ ကျွန်တော်တို့သည် ရန်ကုန်မှ နေ့ချင်းပေါက်ရောက်ရှိကာ ဌာနဆိုင်ရာ မြို့မိ မြို့ဖများ၊ လူမှုရေးအသင်းဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများကိုပါ တွေ့ဆုံနိုင်လေပြီ။

တံတားဦး၊ မန္တလေး၊ ပုသိမ်ကြီး၊ ပြင်ဦးလွင်၊ နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ လားရှိုး၊ သိန္နီ၊ ကွတ်ခိုင်၊ မူဆယ်၊ နမ့်ခမ်းဟူသော ၁၂ မြို့နယ်ကို တစ်နေ့တာ ဖြတ်သန်းလျက် မန်ဟီးရိုးမြို့အရောက်တွင် နေလုံးကိုမဝင်မီမြင်ရပါသေးသည်။ လမ်းပန်းအဆက်အသွယ်ကလည်း လွယ်ကူချောမွေ့နေသည်။ အေးချမ်းလုံခြုံမှုကလည်း အပြည့်အဝရှိနေကြပေသည်။

လားရှိုးနှင့် သိန္နီအကြား မိုင်းလီကျေးရွာကို သတိပြုမိသည်။ နယ်မြေခံ တပ်ရင်း၌ အရာရှိငယ်ဘဝ ဤရွာမှာ အကြာကြီး နေထိုင်ခဲ့ရဖူးသည်။ ထိုစဉ်က ဆင်းရဲနွမ်းပါးသော ရွာတစ်ရွာဖြစ်သည်။ စာသင်ကျောင်းလေးကလည်း စုတ်စုတ်ချာချာ။ ယခုတစ်မူကား စံပြရွာအဖြစ် သားနားနေလေပြီ။ အိမ်ကြီးအိမ်ကောင်းတွေ၊ တိုက်တာတွေနှင့် ကျောင်းကလည်း သွပ်မိုး၊ အုတ်ကာသားနားသပ်ရပ်စွာ။ အေးချမ်းတည်ငြိမ်ခြင်းကြောင့် ဒေသခံတောင်သူလယ်သမားတွေ ချောင်လည်ချမ်းသာပြီး လူနေမှုမြင့်တက်လာပြီ။ ကိုယ်တွေ့မျက်မြင်။

သိန္နီမြို့မရောက်မီ စံလောင်းကျေးရွာလေးကို မြင်ရသည်။ ယခင်က စံလောင်းဈေးထဲမှာ မိမိတို့ နေ့လည်း စခန်းချဖူးသည်။ ညလည်းအိပ်ခဲ့ရဖူးသည်။ ထိုစဉ်က ယိုင်ရွဲ့နေသော တဲတန်းလျားလေးများ။ ယခုမြင်လိုက်ရသော စံလောင်းဈေးကား အုတ်ခံ၊ အုတ်ကာ၊ သွပ်မိုး၊ မြို့ဈေးတစ်ခုနှင့် ဘာမျှမခြား။

စံလောင်း တိုက်နယ်ဆေးရုံ၊ ကြီးမားခမ်းနားသော ဆေးရုံတစ်ခု ဆောက်လုပ်ဆဲ ပြီးလုလုကို မြင်လိုက်ရသည်။ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည် စိုက်ပျိုးရေးကို အဓိကအားပြုသော ကျေးလက်နေ တောင်သူ လယ်သမားတွေအထိ ရိုက်ခတ်ထိတွေ့ ခံစားစေခဲ့ပြီ။ တစ်ဟုန်ထိုး ပြေးလွှား ရွေ့လျားနေသော ကား၏ အလျင်နှင့်အတူ ကျွန်တော်သည် ကြည်နူးစွာ ရင်ခုန်မိပါသည်။

(၃)

လျှပ်တစ်ပြက်မြင်ကွင်းများသည် လွန်ခဲ့သော နှစ်အစိတ်သုံးဆယ်က ကျောပိုးအိတ်ကိုလွယ်ကာ၊ သေနတ်ကိုယ်စီပိုက်ကာ တိုက်ကင်း၊ လှည့်ကင်း သွားလာကြရသော အခြေအနေနှင့် လုံးဝကွဲပြားခြားနား ပြောင်းလဲသွားခဲ့ကြလေပြီ။

နောက်နေသော ရေများသည် ကြည်လင်ခဲ့ပြီ၊

ခြောက်သွေ့သောသစ်ပင်များသည် ရှင်သန်ခဲ့ပြီ၊

ဆင်းရဲသော ဘဝအခြေအနေများကို အတိတ်မှာ ထားရစ်ခဲ့ပြီ။ ခေတ်မီ စိုက်ပျိုးရေးနှင့် ချောမွေ့သွက်လက်သော လမ်းပန်းဆက်သွယ်မှုတို့ကြောင့် လူနေမှုဘဝကို တစ်ဟုန်ထိုးရန်းထကာ တိုးတက်အောင် လုပ်ဆောင်နိုင်ခဲ့ကြပြီ။ မောမြေမြင့်မှာ အသီးအနှံကလည်း ချိုပါ၏။ အသားငါးများလည်း မြစ်များ၊ ချောင်းများမှာ ပေါပါ၏။ ရှေးကာလ၌ လုံခြုံအေးချမ်းမှုမရှိခဲ့သဖြင့် မဖွံ့ဖြိုးခဲ့။

နမ့်ခမ်း၊ မူဆယ်၊ ကွတ်ခိုင်၊ သိန္နီ၊ လားရှိုး၊ သီပေါ၊ ကျောက်မဲ၊ နောင်ချိုစသော ကားလမ်းတစ်လျှောက် မြို့နယ်များကို တစ်ထောက်နားကာ အချိန်ရသမျှ မေးမြန်းမှတ်သားပါသည်။ ကိုယ်တွေ့ကြည့်ရှုလေ့လာပါသည်။ အထွက်တိုးစပါးကို စနစ်တကျစိုက်ပျိုးကြခြင်းကြောင့်ပင် သိသိသာသာ ဝင်ငွေတိုးကြကြောင်း တွေ့ရှိရသည်။ စိုက်ပျိုးရေးထုတ်ကုန်တိုးသဖြင့် တိုင်းပြည်အတွက်လည်း များစွာအကျိုးရှိသည်။ မျိုးကောင်းမျိုးသန့် စပါးမျိုးကို သိပ္ပံနည်းကျ ဖော်ထုတ်ကာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဖြန့်ဝေပေးနိုင်ရန် စီမံလျက်ရှိကြောင်း တွေ့ရှိခဲ့ရ၏။ အထူး အထွက်တိုးမျိုးစပါးစိုက်ခင်းများ ရိတ်သိမ်းပွဲသို့ တက်ရောက်လေ့လာခဲ့ပါ၏။ **တစ်နံ့ကိုဆယ်ပြည်ထွက်တယ်၊ ဖြိုးအက်လို့သီး** ဟူသော ရှေးစာဆိုကား အပိုကြွားသည်ဟုမဆိုသာ။ ပြွတ်ခဲနေအောင် သီးသော စပါးနှံကြီးများကို အားပါးတရ ကိုယ်တိုင်မြင်ခဲ့ရ၏။

မူလရှိထားပြီးသော သဘာဝရေမြေသယံဇာတများကို အခြေခံပြီး လူသားတို့၏ အားထုတ်ကြိုးပမ်းမှုဖြင့် စီးပွားရေးနှင့် လူမှုဘဝ ပိုမိုတိုးမြင့်အခြေတင့်နေသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)သို့ လေးရက်ခရီးကား စိတ်ချမ်းသာကြည်နူးစရာ မြင်ကွင်းများဖြင့် အတိပြီးနေပါသတည်း။ ။

ချောက်မြို့ မဟာစည်ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် ဝါတွင်းဆည်းဆာ တရားပွဲကျင်းပမည်

ရန်ကုန် ဇွန် ၂၅

မကွေးတိုင်း ချောက်မြို့ အေးစေတီရပ် ဇမ္ဗူဒီပ မဟာစည်သာသနာ့ရိပ်သာ၌ ဇူလိုင် ၃၁ ရက် (ဒုတိယဝါဆိုလပြည့်)နေ့တွင် စုပေါင်းဝါဆိုသင်္ကန်း ကပ်လှူကြမည်ဖြစ်သည်။ ဥပုသ်နေ့တိုင်း ညနေ ၄နာရီတွင် မဟာစည် နယ်လှည့်ဓမ္မကထိကဆရာတော်များဖြစ်ကြသော ဦးဝိဇ္ဇာသိဒ္ဓိ (ရွှေမြန်မာ)၊ ဦးဥတ္တမ(ငွေးချို)၊ ဦးသာဂရ (ကျောက်ပန်းတောင်း)၊ ဦးကုမာရ (စလင်း)နှင့် ဦးသုမန(ဆိပ်ဖြူ)တို့က အလှည့်ကျ တရားတော်များကို ဟောကြားတော်မူကြမည်ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄–၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်မည့်ကုန်းသာ– မြစိမ်းရောင်ကျေးလက်ကျောက်ချောခင်းလမ်းကို ဇွန် ၁၁ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြစဉ်။ (က–ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၆–၆–၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ **ဆရာတော်ဦးဃောသိတ တရားတော် “သောတာနုဂတသုတ်”**
၉:၁၀ ၁၀။ အပိတ်နှုတ်ဆက်စကား
၉:၁၁ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၄။ ချစ်သူစုံတွဲတူယှဉ်နွဲ
၄:၃၀ ၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၄:၄၅ ၇။ မျိုးချစ်တပ်မတော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်**
(က)မြန်မာစာ(မြန်မာမှုပညာအထူးပြု)
(ခ)နာခံတော်ဝတ္ထု
၅:၃၀ ၉။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “လက်ကိုင်အိတ်ဒီဇိုင်းအဆန်းနဲ့ အရမ်းကိုလှ” အပိုင်း (၁၆)**
၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၂။ ယနေ့ညအတွက်တေးလက်ဆောင်
၂၃။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “အမှန်တရားဘက်ကလှုပ်ရှားစေးသမား” အပိုင်း (၁၄)**
၂၄။ သင့်အတွက်မနက်ဖြန်
၂၅။ အပိတ်နှုတ်ဆက်စကား
၂၆။ ပြီးပါပြီ

နိုင်ငံတကာ သတင်းများ

ဇွန် ၂၃ ရက်က အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တို့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသည့် ကားတစ်စီးကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အမေရိကန်ကုမ္ပဏီတွင် အလုပ်လုပ်နေသည့် အီရတ်ညီအစ်မနှစ်ဦး ဘာဆာရာမြို့နေအိမ်အနီး ပစ်ခတ်ခံရသဖြင့် သေဆုံး

ဘာဆာရာ ဇွန် ၂၄

အမေရိကန်ကုမ္ပဏီကြီးတစ်ခုတွင် လုပ်ကိုင်နေသည့် အီရတ်နိုင်ငံသူ ညီအစ်မနှစ်ဦးအား အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့ရှိ ၎င်းတို့အိမ်အနီးတွင် မော်တော်ယာဉ် တစ်စီးပေါ်မှ လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့၏ ပစ်ခတ်သွားမှုကြောင့် အင်္ဂါနေ့က သေဆုံးသွားကြောင်း ဆွေမျိုးများက ပြောကြားကြသည်။

၎င်းအမျိုးသမီးနှစ်ဦး၏ ဖခင်ဖြစ်သူ အူဒီရှိက သမီးများ အလုပ်မှပြန်အလာကို စောင့်ဆိုင်းနေစဉ် သေနတ်သံများကြားပြီး အမိုးဖွင့်ထရပ်ကားငယ်တစ်စီး အရှိန်မြင့်ကာ ဖြတ်သန်းမောင်းနှင်လာသည်ကို တွေ့လိုက်ရကြောင်း ပြောကြားသည်။

အူဒီရှိက သမီးတစ်ဦးအား ကားပေါ်မှ ပွေ့ချီလိုက်ရာ သေဆုံးကြောင်း သိလိုက်ရပြီး အခြားသမီးတစ်ဦးအား ပွေ့ထူရာ သေဆုံးသည်ကို တွေ့ရပြန်ကြောင်းနှင့် ၎င်း၏ အင်္ကျီမှာ သွေးစွန်းလျက်ရှိနေသေးကြောင်း ပြောကြားသည်။

အီရတ်သူ ညီအစ်မနှစ်ဦး၏ကားအား ပစ်ခတ်သွားကြခြင်းဖြစ်ကြောင်း အိမ်နီးချင်းများက ပြောကြားသည်။

သေဆုံးသူညီအစ်မနှစ်ဦးမှာ ဂျက်နက်နှင့် ရှာသာတို့ ဖြစ်ပြီး ဘက်တယ်အမေရိကန်ကုမ္ပဏီတွင် အလုပ်လုပ်နေသူများဖြစ်ကြောင်း အူဒီရှိက ပြောကြားသည်။

ဘက်တယ်ကုမ္ပဏီသည် အီရတ် နိုင်ငံတွင် ဆောက်လုပ်ရေးဆိုင်ရာ ကန်ထရိုက်လုပ်ငန်းများ တာဝန်ယူဆောင်ရွက်နေသည့် အမေရိကန်ကုမ္ပဏီကြီးဖြစ်သည်။ အီရတ် ညီအစ်မနှစ်ဦးအား လုပ်ငန်းအသွားအပြန် လိုက်ပို့ဆောင်ပေးနေသည့် ယာဉ်မောင်းမှာ ထိခိုက်ဒဏ်ရာရရှိသွားသည်။ အီရတ်ရှိ ဘက်တယ်ကုမ္ပဏီမှ တာဝန်ရှိပုဂ္ဂိုလ်များက ယင်းကိစ္စအပေါ် ဝေဖန်ပြောကြားမှု မရှိသေးပေ။

သေဆုံးသူ ညီအစ်မနှစ်ဦး၏ ရုပ်အလောင်းများကို သင်္ဂြိုဟ်ရန်အတွက် မိုဆူးလ်မြို့သို့ သယ်ဆောင်သွားကြောင်း ဖခင်ဖြစ်သူက ပြောကြားသည်။

မိမိတို့တွင် ခြိမ်းခြောက်မှုများ မရှိခဲ့ကြောင်း၊ မိမိတို့သည် ငြိမ်းငြိမ်းချမ်းချမ်း နေလိုသူများဖြစ်ပြီး ကောင်းရောင်းကောင်းဝယ်လုပ်ငန်း လုပ်ကိုင်နေခြင်းသာဖြစ်ကြောင်း ဖခင်ဖြစ်သူက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ဇနီးမောင်နှံနှစ်ဦး အသတ်ခံရ

မိုဆူးလ် ဇွန် ၂၄

လုပ်ကြံသတ်ဖြတ်သူများသည် ထင်ရှားသော အီရတ် ကထိက ဆရာမတစ်ဦးနှင့် ခင်ပွန်းသည်တို့ကို အီရတ်မြောက်ပိုင်းမိုဆူးလ်မြို့တွင် သတ်ဖြတ်သွားကြကြောင်း ရဲတပ်ဖွဲ့ဆိုင်ရာ သတင်းများက ဆိုသည်။

အန္တရာယ်ပြု

အသတ်ခံရသူ လိုင်လာအဗ္ဗဒူလာဆာအဒ်မှာ မိုဆူးလ်တက္ကသိုလ်၏ ဥပဒေကောလိပ်မှ ဌာနမှူးဖြစ်သည်။ သူ့ကို အန္တရာယ်ပြုမည့်အကြောင်း ခြိမ်းခြောက်မှုများ ရှိခဲ့သော်လည်း သူမသည် လုံခြုံရေးအစောင့်များ မငှားရမ်းဘဲနေခဲ့သည်။ သူမကို အိမ်အဝတွင် အသေပစ်သတ်ပြီး ဓားနှင့်လည်းထိုးသွားကြောင်း သိရသည်။

ပြီးခဲ့သော ဇန်နဝါရီလအတွင်းကလည်း ထိုတက္ကသိုလ်မှ ကထိကတစ်ဦးကို လူသတ်သမားများက လုပ်ကြံသွားခဲ့ကြသေးသည်။ ထိုလုပ်ရပ်များသည် အီရတ်၏ တတိယအကြီးဆုံးမြို့ဖြစ်သော မိုဆူးလ်မြို့မှ အလယ်အလတ် သဘောထားရှိသူများ၏ အယူအဆကို မလိုလားကြောင်း ပြသကာ အနှောင့်အယှက်ပေးသည့် အပြုအမူပင်ဖြစ်သည်ဟု မြို့ခံများက ပြောကြားကြသည်။

နှစ်ထပ်အိမ်ဆီသို့ ဦးတည်သွားရာ လှေကားထစ်ပေါ်တွင် သွေးကွက်များ စွန်းထင်းကျန်ရစ်သည်။ ထိုသွေးကွက်အမှတ် အသားများသည် ဆာအဒ် အသတ်ခံရသော နေရာကို ဖော်ပြလျက်ရှိသည်ဟု ရဲတစ်ဦးက ဆိုသည်။

လက်မခံခဲ့

ဆာအဒ်ထံသို့ ခြိမ်းခြောက်မှု တစ်ကြိမ်၊နှစ်ကြိမ်မက ရောက်ရှိခဲ့သည်။ အချို့လူများက လုံခြုံရေးအတွက် အစောင့်အရှောက်ငှားရမ်းရန် အကြံပေးကြသော်လည်း သူမက လက်မခံခဲ့ကြောင်း ဆာအဒ်၏ အမည်မဖော်လိုသူဆွေမျိုးတစ်ဦးက ပြောပြသည်။

သေဆုံးသူ ကထိကဌာနမှူး၏ ခင်ပွန်းမှာ မွန်နီယားအယ်စီရီဖြစ်သည်။ ၎င်းမှာလည်း သေနတ်သုံးချက် ထိမှန်ခံရပြီး အိပ်ခန်းအတွင်း၌ သတ်ဖြတ်ခံခဲ့ရသည်။ ထိုလက်ရာခြေရာများသည် ကျွမ်းကျင်သူ လူသတ်သမား၏ လက်ချက်ဖြစ်ကြောင်း ဖော်ပြနေသည်ဟု ရဲတပ်ဖွဲ့သတင်းများက ဆိုသည်။ အသတ်ခံရသူ ဇနီးမောင်နှံတို့၏ နေအိမ်မှာ မိုဆူးလ်မြို့၏ တောင်ဘက် ကြေးရတတ်များနေထိုင်ရာ အလ်ဒါနာဒန် ရပ်ကွက်တွင် တည်ရှိသည်။

ကနဦးလေ့လာချက်များအရ လူသတ်သမားများသည် နေအိမ်အတွင်းမှ ငွေကြေး တစ်စုံတစ်ရာကို ယူသွားကြခြင်းမရှိသကဲ့သို့ သဲလွန်စ တစ်ခုတလေကိုမျှ ချန်ထားခဲ့ခြင်း မရှိကြောင်း သိရသည်။

ခြောက်လှန့်

ယခုကိစ္စသည် အရည်အချင်းပြည့်ဝသော အဆင့်မြင့်ပညာတတ်များကို ပူးပေါင်းလုပ်ကြံသည့် လုပ်ရပ်ပင်ဖြစ်သည်။ အစိုးရ၏ လုပ်ငန်းများတွင် ပညာတတ်များ ဝင်ရောက်ပါဝင်ပူးပေါင်း၍ ဦးဆောင်လုပ်ကိုင်နိုင်ခြင်း မရှိစေရန် ခြောက်လှန့်သည့်လုပ်ရပ်များပင်ဖြစ်သည်ဟု မိုဆူးလ်တက္ကသိုလ်မှ ယာဉ်မောင်းတစ်ဦးဖြစ်သူ အသက် (၃၀)အရွယ်ရှိ ဂျမားလ်အာမက်က ပြောကြားသည်။

ယခု လူသတ်မှု၏ ရည်ရွယ်ချက်နှင့်ပတ်သက်၍ ရဲတပ်ဖွဲ့က တစ်စုံတစ်ရာ ဝေဖန်ပြောကြားခြင်း မရှိပေ။

မငြိမ်မသက်

လုပ်ကြံသတ်ဖြတ်မှု အဖြစ်အပျက်များသည် အီရတ်နိုင်ငံကို မငြိမ်မသက်ဖြစ်စေရန် ပြုလုပ်ခြင်းပင်ဖြစ်ပြီး ဇွန်လ ၃၀ရက်တွင် အချုပ်အခြာအာဏာ လွှဲပေးမည့် အစီအစဉ်ကို ပျက်ပြားအောင် ဆောင်ရွက်သည့် လှုပ်ရှားမှုပင်ဖြစ်သည်ဟု ဆိုသည်။

မိုဆူးလ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဌာနမှူး အဗ္ဗဒူလ်ဂျာဘား မူစတာဖာဆိုသူမှာလည်း ယခုနှစ်ဆန်း ဇန်နဝါရီအတွင်းတွင် လုပ်ကြံခံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်မှတပ်ဖွဲ့များ ပြန်လည်ရုပ်သိမ်းရေး ဖိလစ်ပိုင် စဉ်းစားသုံးသပ်

မနီလာ ဇွန် ၂၄

အီရတ်ကြားဖြတ်အစိုးရအဖွဲ့ထံသို့ ဇွန် ၃၀ ရက်တွင် အချုပ်အခြာအာဏာ ပြန်လည်လွှဲပြောင်းပေးပြီးချိန်နောက်ပိုင်း ယင်းနိုင်ငံ၌ လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပါဝင်ကူညီနိုင်ရန် ဖြန့်ကြက်ထားသော ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များကို ပြန်လည်ရုပ်သိမ်းရန် သင့်၊ မသင့် ဖိလစ်ပိုင်အစိုးရက သုံးသပ်လေ့လာလျက်ရှိကြောင်း သမ္မတရုံး ဒုတိယပြောရေးဆိုခွင့်ရှိသူ ရီကာဒိုဆာလူဒိုက ကြာသပတေးနေ့တွင်ပြောကြားသည်။

ရှိ၊ မရှိ

ယခုလကုန်တွင် အီရတ်ကြားဖြတ်အစိုးရအဖွဲ့သစ်ထံ အာဏာလွှဲပြောင်းပေးအပ်ပြီးသည့်အခါ ဖိလစ်ပိုင်တပ်ဖွဲ့များကို ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့ဝင်များအဖြစ် ဆက်လက်စခန်းချထားရန် လိုအပ်ခြင်း ရှိ၊မရှိ အစိုးရအဖွဲ့က သုံးသပ်နေကြောင်း ရီကာဒိုက ပြောကြားသည်။

အီရတ်နိုင်ငံတွင် ဇွန် ၃၀ ရက်နောက်ပိုင်း၌ လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ၌ ပါဝင်ကူညီနိုင်ရန် ဖိလစ်ပိုင်တပ်ဖွဲ့ကို လိုအပ်ခြင်း ရှိ၊ မရှိ အစိုးရက စဉ်းစားသုံးသပ်နေကြောင်း၊ အီရတ်ဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး ရှိုင်စီမာတူးဦးဆောင်သော သံတမန်အဖွဲ့၏ သုံးသပ်တင်ပြချက်အပေါ် အခြေခံ၍ အီရတ်မှ ဖိလစ်ပိုင်တပ်ဖွဲ့ ရုပ်သိမ်းရန် သင့်၊မသင့် သုံးသပ်လိမ့်မည်ဖြစ်ကြောင်း သတင်းစာ ရှင်းလင်းပွဲတွင် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

စိုးရိမ်ပူပန်

အီရတ်နိုင်ငံတွင် အလုပ်လုပ်နေသော ဖိလစ်ပိုင်လူမျိုး ထောင်ပေါင်းများစွာအတွက် အစိုးရက စိုးရိမ်ပူပန်မှု ဖြစ်မိကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

အီရတ်နိုင်ငံတွင် တောင်ကိုရီးယားဓားစာခံတစ်ဦးအား အီရတ်တိုက်ခိုက်ရေးသမားများက သတ်ပစ်သည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့မှုကို ရည်ညွှန်းလျက် ယင်းသို့ ပြောကြားခြင်းဖြစ်သည်။ ***အင်တာနက်။***

အမေရိကန်ဆင်နွှဲသော အီရတ်စစ်ပွဲကြောင့် ဒေသတွင်း အခြေအနေ ပို၍ဆိုးရွားလာ

ဒမတ်စကတ် ဇွန် ၂၄

အမေရိကန်ဆင်နွှဲသော အီရတ်စစ်ပွဲကြောင့် အဆိုပါဒေသ၏ အခြေအနေမှာ ကောင်းမလာဘဲ ပို၍ပင်ဆိုးရွားသွားရကြောင်း မလေးရှားနိုင်ငံဝန်ကြီးချုပ်ဟောင်း မဟာသာမိုဟာမက်က အမေရိကန်၏ လုပ်ရပ်အပေါ် ပြီးခဲ့သော ဗုဒ္ဓဟူးနေ့က ဝေဖန်ပြောကြားသည်။

မိမိတို့က အမေရိကန်သမ္မတ ဂျော့ဂျ်၊ ဒဗလျူ၊ ဘုရှ်ကို အီရတ်စစ်ပွဲဆင်နွှဲခြင်းမပြုရန် မူလအစကပင် စာဖြင့်ရေးသား၍ အကြောင်းကြားခဲ့သည်။ အကယ်၍ စစ်ပွဲဆင်နွှဲမည်ဆိုလျှင် ဒေသတွင်းအခြေအနေမှာ ကောင်းလာမည်မဟုတ်ဘဲ ပို၍ပင်ပျက်ယွင်းသွားနိုင်ကြောင်းကိုပါ သတိပေးခဲ့သည်။ ယခုအခါ ဖြစ်ပေါ်နေသော အခြေအနေအရပ်ရပ်သည် မိမိတို့ ကြိုတင်ဖော်ပြ ထားသော သတိပေးချက်များနှင့် ကိုက်ညီနေသည်ကို သက်သေပြလျက်ရှိသည်ဟု မဟာသာမိုဟာမက်က ဆာနာသတင်းဌာနနှင့် တွေ့ဆုံမေးမြန်းခန်း ပြုလုပ်ရာ၌ ထုတ်ဖော်ပြောကြားခဲ့သည်။

အမေရိကန်တို့က အီရတ်ကိုစစ်ပြုမည်ဆိုလျှင် အီရတ်အစိုးရကို ရာထူးမှဖြုတ်ချနိုင်မည်ဖြစ်သည်။ သို့ရာတွင် အီရတ်များက အမေရိကန်တို့၏ လွတ်မြောက်ရေးကယ်တင်မှုကို လက်မခံဘဲ ဆန့်ကျင်ခုခံကြမည်ဖြစ်၍ အီရတ်နိုင်ငံကို ထိန်းသိမ်းချုပ်ကိုင်နိုင်မည်မဟုတ်ဟု မလေးရှားဝန်ကြီးချုပ်ဟောင်းက အလေးထား ပြောကြားသွားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန် သမ္မတဘုရှ် လာရောက်လည်ပတ်မည့် ခရီးစဉ်ကို ဇွန် ၂၃ ရက်က တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် တူရကီပြည်သူများ ကန့်ကွက်ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တပ်ဖွဲ့ဝင်များကို အပြည်ပြည်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ရရန်တောင်းဆိုမှု ရုပ်သိမ်း

ကုလသမဂ္ဂ ဇွန် ၂၄

အမေရိကန်တပ်ဖွဲ့ဝင်များကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးတွင် တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ပြုရေး အဆိုတစ်ရပ်ကို ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အဆုံးအဖြတ်ပေးရန် အမေရိကန်ပြည်ထောင်စုကတင်ပြထားသည်။ ယခုအခါအမေရိကန်နိုင်ငံသည် ၎င်းတို့တင်ပြထားသောအဆိုကို ပြန်လည်ရုပ်သိမ်းသွားပြီဖြစ်သည်။

အမေရိကန်တပ်ဖွဲ့ဝင်များကို တရားစွဲဆိုခြင်းမှ ကင်းလွတ်ခွင့်ရရေး အဆိုကို အဆုံးအဖြတ်ယူရန် တင်ပြလာလျှင် အငြင်းပွားနိုင်ခြင်းနှင့် အချိန်ကြာမြင့်စွာ ဆွေးနွေးစရာ အကြောင်းရှိခြင်း စသည်တို့ကြောင့်တင်ပြထားသောအဆိုကို ပြန်လည်ရုပ်သိမ်းရခြင်းဖြစ်သည်ဟု အမေရိကန်သံအမတ် ဂျိမ်းကာနင်ဟမ်က ပြောကြားသည်။

စဉ်းစားမည်

ကုလသမဂ္ဂက ငြိမ်းချမ်းမှုထိန်းသိမ်းရေးလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်သောအခါ အမေရိကန်အနေဖြင့် ဗီတိုအာဏာသုံးစွဲမည်ဟူ၍ ကာနင်ဟမ်က တိတိပပ ထုတ်ဖော်ပြောကြားခြင်းမရှိပေ။ သို့ရာတွင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံး ကိစ္စဆုံးဖြတ်လာသောအခါ မိမိတို့အမေရိကန်ကလည်း ထိုအခြင်းအရာကို ထည့်သွင်းစဉ်းစားသွားမည်ဖြစ်သည်ဟု ၎င်းကဆက်လက် ပြောကြားခဲ့သည်။

ရှောင်ကြဉ်မည်

အပြည်ပြည်ဆိုင်ရာ ရာဇဝတ်တရားရုံးတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို တရားစွဲဆိုခွင့်မှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် မခွဲလျှင် အမေရိကန်နိုင်ငံသည် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ ထောက်ခံမဲအနည်းဆုံး ကိုးမဲရရှိရန် လိုအပ်သည်။ လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၅နိုင်ငံပါဝင်ပြီး တစ်နိုင်ငံလျှင် တစ်မဲအသီးသီးပေးပိုင်ခွင့်ရှိသည်။ ထိုကိစ္စကို စဉ်းစားရာတွင် နိုင်ငံပေါင်း ခုနစ်နိုင်ငံကျော်သည် မဲမပေးဘဲရှောင်နေကြမည်ဖြစ်ကြောင်း သိရသည်။

ကြိုးပမ်းခဲ့ဖူး

ယခုကဲ့သို့ ဆန့်ကျင်ကြသော အခြေအနေမျိုးကို လုံခြုံရေးကောင်စီအဖွဲ့ဝင်များအကြားတွင် တွေ့ရခဲ့သည်ဟုဆိုသည်။ ဤကိစ္စတွင် ခြွင်းချက်တော့ရှိသည်။ အီရတ်စစ်ပွဲမဖြစ်ပွားမီအချိန်ကလည်း အမေရိကန်ပြည်ထောင်စုက လုံခြုံရေးကောင်စီထံမှ ခွင့်ပြုချက်ရရန် ကြိုးပမ်းခဲ့ဖူးသည်။ ထိုစဉ်ကလည်း ခွင့်မပြုဘဲပြင်းပြင်းထန်ထန်ဆန့်ကျင်မှုနှင့် ကြုံခဲ့ရသေးသည်။ သို့ရာတွင် အီရတ်စစ်ပွဲအပြီးနောက်ပိုင်းကာလများ၌မူ ဝါရှင်တန်၏အဆိုတင်ပြချက်များကို ပြင်းထန်စွာ ကန့်ကွက်မှုများ နည်းပါးသွားသည်ကို တွေ့ရသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဇွန် ၂၁ ရက်က ဘဂ္ဂဒက်မြို့တွင် ကင်းလှည့်စဉ် ရေမြောင်းထဲထိုးကျသွားသည့် အမေရိကန်သံချပ်ကားတစ်စီးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် တိုက်ခိုက်မှု သုံးကြိမ်ဖြစ်ပွား ကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရ

ဘဂ္ဂဒက် ဇွန် ၂၄

အီရတ်နိုင်ငံ၌ ဇွန် ၃၀ ရက်တွင် အချုပ်အခြာအာဏာကို လွှဲပြောင်းမပေးအပ်မီ အီရတ် ခုခံတိုက်ခိုက်ရေးသမားများက အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် တိုက်ခိုက်မှုများလျော့နည်းသွားခြင်းမရှိဘဲ တိုးမြှင့်တိုက်ခိုက်နေသည့်အတွက် ဘဂ္ဂဒက်မြို့တော်တွင် စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်မှုနှင့် ဘဂ္ဂဒက်မြို့ အရှေ့မြောက်ဘက်တွင် အမေရိကန် တပ်ဖွဲ့ဝင်များကို တိုက်ခိုက်မှု နှစ်ကြိမ် ဖြစ်ပွားခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးပြီး ကိုးဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန် စစ်ဘက်ဆိုင်ရာက အင်္ဂါနေ့တွင် ပြောကြားသည်။

ဘဂ္ဂဒက်မြို့၏ အရှေ့မြောက်ဘက် ၃၅ မိုင်ခန့်အကွာရှိ ဆွန်နီအများစုနေထိုင်ရာ ဘာကူဘာမြို့တွင် တနင်္လာနေ့က အမေရိကန်တပ်ဖွဲ့ဝင်များကို နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက်ခဲ့ကြောင်း အမေရိကန် အမှတ်(၁)ခြေလျင်တပ်မမှ ဗိုလ်မှူးနေးလ်အိုဘရိုင်ယန်က ပြောကြားသည်။

ပထမဆုံးတိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့၏။ လက်နက်ငယ်များဖြင့် ပစ်ခတ်သည့်ဒုတိယမြောက်တိုက်ခိုက်မှုတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အား ဘဂ္ဂဒက်မြို့ရှိ စစ်ဆေးရုံသို့ တင်ပို့ထားရကြောင်း အိုဘရိုင်ယန်က ပြောကြားသည်။ ၎င်းတို့ သုံးဦး၏ အခြေအနေမှာ ကောင်းမွန်သည်။

တနင်္လာနေ့ကလည်း ဘဂ္ဂဒက် မြောက်ပိုင်းတွင် စိန်ပြောင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခံရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး ခြောက်ဦးဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာက ပြောကြားသည်။ ***အင်တာနက်။***

တပ်ဖွဲ့ဝင်များစေလွှတ်မှု ကန့်ကွက်ဆန္ဒပြ

အီရတ်နိုင်ငံသို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ ထပ်မံစေလွှတ်မည့် အစီအစဉ်ကို တောင်ကိုရီးယားပြည်သူများ ဇွန် ၂၃ ရက်က ကန့်ကွက်ဆန္ဒပြနေစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘဂ္ဂဒက်ဆေးရုံအနီး ကားဗုံးပေါက်ကွဲ နှစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇွန် ၂၄

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့အနီးတွင် ဗုဒ္ဓဟူးနေ့က လမ်းဘေးထောင် ဗုံးတစ်လုံး ပေါက်ကွဲခဲ့သည့်အတွက် အနည်းဆုံး လူနှစ်ဦး သေဆုံးခဲ့ရကြောင်း ရဲတပ်ဖွဲ့မှလာသော သတင်းများက ဆိုသည်။

ကင်ဒီဆေးရုံအနီးတွင် ဗုံးကွဲပြီးသည့်နောက် မီးလောင်ပျက်စီးနေသော ကားတစ်စီးကို တွေ့ကြရသည်။ ကနဦး စစ်ဆေးမှုများပြုလုပ်ပြီးနောက် ရဲတို့က ယခုအဖြစ်အပျက်မှာ ကားဗုံးပေါက်ကွဲမှုတစ်ခုဖြစ်ကြောင်း ပြောကြားကြသည်။

ကားအတွင်း၌ အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦးနှင့် ကလေးတစ်ဦးတို့ရှိနေကြသည်ဟု အရပ်ဘက်ကာကွယ်ရေးတပ်ဖွဲ့မှ ဂါဇီမာဂျစ်အလီက ပြောကြားသည်။

ထိုဗုံးပေါက်ကွဲမှုကြောင့် အနည်းဆုံး လူနှစ်ဦးသေဆုံးပြီး တတိယလူတစ်ဦးမှာ ပြင်းပြင်းထန်ထန် ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ထံမှ ရရှိသောသတင်းကဆိုသည်။

အခင်းဖြစ်ပွားခဲ့သော နေရာကို အီရတ် ရဲတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များက အဝင်အထွက် မရှိစေရန် ပိတ်ထားလိုက်ကြသည်။

ယခုပေါက်ကွဲမှုနှင့် ပတ်သက်၍ အမေရိကန်တပ်ဖွဲ့မှ တစ်စုံတစ်ရာ သတင်းထုတ်ဖော် ပြောကြားခြင်း မရှိပေ။ အမေရိကန်ဆန့်ကျင်ရေး အင်အားစုများသည် လမ်းဘေးထောင်ဗုံးများကို အမေရိကန်တပ်ဖွဲ့များအား တိုက်ခိုက်ရာ၌ မကြာခဏ သုံးစွဲလေ့ရှိကြသည်။

အမေရိကန်များ ဦးဆောင်သော သိမ်းပိုက်ရေးတပ်ဖွဲ့များသည် အချုပ်အခြာအာဏာကို အီရတ်ကြားဖြတ်အစိုးရထံ ပြန်လည်လွှဲအပ်ပေးမည့် ရက်မှာ သီတင်းတစ်ပတ်မျှသာလိုတော့သည်။

ထိုအချိန်တွင် ပြောက်ကျားများသည် ဗုံးထောင်ခြင်း၊ လုပ်ကြံမှုများပြုလုပ်ခြင်း၊ ရေနံလုပ်ငန်းအဆောက်အအုံများ စသည်တို့ကို အရှိန်တိုးမြှင့်တိုက်ခိုက်လျက်ရှိကြောင်း သိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

စီးကရက် သောက်သုံးမှု လူ့သက်တမ်းကို ၁၀ နှစ်ပို တိုစေနိုင်

လန်ဒန် ဇွန် ၂၄

စီးကရက်သောက်ခြင်းနှင့် ကျန်းမာရေးဆက်စပ်မှုကို နှစ် ၅၀ မျှ လေ့လာပြီးနောက် အစီရင်ခံစာတစ်စောင်ကို ယမန်နေ့ကထုတ်ပြန်လိုက်သည်။ ပျမ်းမျှအားဖြင့် စီးကရက်သောက်သူများသည် စီးကရက်မသောက်သူများထက် အသက် ၁၀ နှစ်ပို၍ တိုသည်။ သို့ရာတွင် စီးကရက်သောက်သောအကျင့်ကို အသက် ၅၀ အရွယ်တွင် စွန့်လွှတ်လိုက်လျှင်ပင် စီးကရက်ကြောင့် ဖြစ်ပေါ်မည့်အန္တရာယ်ကို ထက်ဝက်လျှော့ချနိုင်သေးကြောင်း အစီရင်ခံစာက ဖော်ပြထားသည်။ အကယ်၍ လူတစ်ဦးသည် အသက် ၃၀အရွယ်တွင် စီးကရက်သောက်သုံးသည့်အလေ့ကို ဖြတ်နိုင်လျှင် ၎င်းသည် စီးကရက်ကြောင့်ဖြစ်ပေါ်မည့် အန္တရာယ်အားလုံးနီးပါးကို ရှောင်ရှားနိုင်သည့် အခြေအနေရှိပြီး အရွယ်မတိုင်မီ သေဆုံးရမည့်အခြေအနေမျိုးမှ ကင်းဝေးနိုင်သည်ဟု ဖော်ပြထားသည်။

ထင်ရှားသိသာ

စီးကရက်သောက်ခြင်းကြောင့် လူ့သက်တမ်းကို ၁၀ နှစ်အထိ တိုသွားစေနိုင်သည်ဟု အသက် ၉၁ နှစ်ရှိ အောက်ဖို့စ်တက္ကသိုလ်မှ ပါမောက္ခရစ်ချတ်ဒိုးလ်က ဆိုသည်။ ဒိုးလ်သည် စီးကရက်သောက်ခြင်းနှင့် ကင်ဆာရောဂါတို့၏ ဆက်စပ်မှုကို ရှာဖွေတွေ့ရှိခဲ့သူဖြစ်သည်။ သက်ကြီးပိုင်းနှင့် သက်လတ်ပိုင်းအရွယ်များတွင် စီးကရက် အဆက်မပြတ်သောက်သုံးသူများ၏ သေနှုန်းသည် နှစ်ဆအထိ ပိုများသည်။ ထို့အပြင် စီးကရက်သောက်သောအလေ့ကို စွန့်လွှတ်လိုက်လျှင်လည်း စီးကရက်ကြောင့် ရနိုင်သောအန္တရာယ် အများအပြားကို ဖယ်ရှားပစ်နိုင်သည်ဆိုသော တွေ့ရှိချက်မှာလည်း ထင်ရှားသိသာလှသော အချက်တစ်ချက်ပင်ဖြစ်သည်ဟု ဒိုးလ်က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဒိုးလ်နှင့် ဘရက်ဖို့ဒ်တို့သည် စီးကရက်နှင့်ပတ်သက်၍ ပူးတွဲလေ့လာကြပြီးနောက် စီးကရက်သောက်ခြင်းနှင့် အဆုတ်ကင်ဆာရောဂါတို့ ဆက်စပ်မှုရှိကြောင်းကို ဖော်ထုတ်နိုင်ခဲ့ကြသည်။ ထိုထူးခြားသောတွေ့ရှိချက်ကို ၎င်းတို့က ၁၉၅၄ ခုနှစ် ဇွန် ၂၆ ရက်ကတည်းက ဗြိတိသျှဆေးပညာစာစောင်တွင် ဖော်ပြခဲ့ကြပြီးဖြစ်သည်။ ပါမောက္ခဒိုးလ်နှင့် ပါမောက္ခရစ်ချတ်ပီတိုတို့သည် ဆေးလိပ်နှင့်ပတ်သက်သော ကျန်းမာရေးဆိုင်ရာများကို နှစ် ၅၀ တိုင်အောင် ဆက်လက်လေ့လာခဲ့ကြသည်။ စီးကရက်နှင့်ကျန်းမာရေးကို စတင်လေ့လာကာ တင်ပြခဲ့သောစာရေးသူသည် နောက်အနှစ် ၅၀ ကြာသောအခါ၌လည်း ၎င်းကိစ္စနှင့်ဆိုင်သော အသစ်လေ့လာတွေ့ရှိချက်ကို ထပ်မံတင်ပြ နိုင်ခဲ့သည်။ ယခုကဲ့သို့ နှစ်ကြာကြာ အသက်ရှင်နေနိုင်သေးသည့် အချက်သည်ပင်လျှင် ထူးခြားချက်တစ်ချက်ဖြစ်သည်ဟု ဆေးပညာဂျာနယ်မှ ဆရာဝန် စာတည်း ရစ်ချတ်စမစ်က စာတမ်းတင်ပြခဲ့သောကွန်ဖရင့်တွင် ပြောကြားခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ အဘူဂါရိုပ်အကျဉ်းထောင်တွင် အဖမ်းခံထားရသော အီရတ်အကျဉ်းသားတစ်ဦးကို ဇွန် ၂၂ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဇွန် ၂၄ ရက်က အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အပျက်အစီးများကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)



ဇွန် ၂၄ ရက်က အီရတ်နိုင်ငံ ရာမာဒီမြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ရဲစခန်းတစ်ခုအတွင်း ပျက်စီးမှုမြင်ကွင်းကို တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံမြို့တော် ဘဂ္ဂဒက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော အီရတ် မိန်းကလေးတစ်ဦးကို ဇွန် ၂၂ ရက်က ဆေးရုံ၌ တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ မိုဆူးလ်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ရဲစခန်း အဆောက်အအုံကို ဇွန် ၂၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံ ဖော်လူဂျာမြို့တွင် အမေရိကန်တပ်ဖွဲ့၏ လေကြောင်းမှ တိုက်ခိုက်မှုကြောင့် ပျက်စီးသွားသော မော်တော်ကားများနှင့် အဆောက်အအုံများကို ဇွန် ၂၃ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်

ကျေးရွာချင်းဆက် လမ်းဖောက်လုပ်

မြန်အောင်မြို့နယ် ဟသ်ာတ– မြန်အောင်လမ်းနှင့် သက္ကယ်ကုန်း ကျေးရွာချင်းဆက်လမ်းကို စက်ယန္တရားများဖြင့် ဆောင်ရွက်နေစဉ်။
(ဓာတ်ပုံ–သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့ရှိ မိုးမိတ်–ကုန်းဝက်လမ်းပေါ်တွင် နမ့်မောင်းချောင်းကို ဖြတ်ကျော်တည်ဆောက်ထားသော နမ့်မောင်းတံတားကို တွေ့ရစဉ်။
(ဓာတ်ပုံ–သတင်းစဉ်)

နယ်စပ်ဒေသနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး



ဆေးရုံသစ်ကြီး

ပဲခူးတိုင်း ရွှေကျင်မြို့ရှိ ခုတင်–၁၀၀ဆံ့ ဆေးရုံသစ်ကြီးကို တွေ့ရစဉ်။
(ဓာတ်ပုံ–သတင်းစဉ်)

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ်၊ ကောင်းခါးမြို့သစ်လွယ်ခန်းကျေးရွာအနီး နမ့်ဟူးမွန် (ကောင်းခါး) ရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းခွင်ကို တွေ့ရစဉ်။
(ဓာတ်ပုံ–သတင်းစဉ်)



အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖွဲ့အား တွေ့ရစဉ်။ (သတင်းစဉ်)

❒ အမျိုးသားညီလာခံမှ

မြို့(ခေါ်)ခမိ အမျိုးသား ညီညွတ်ရေး အဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ် ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ် များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်း ပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေး တိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ၊ တောင်သူ လယ်သမား ကိုယ်စားလှယ်များ ဖြစ် သည့် ကချင်ပြည်နယ်၊ ကယား ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်း ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင် ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်း ပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေး တိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ တောင်သူလယ် သမားကိုယ်စားလှယ်များ၊ အသိ ပညာရှင်အတတ်ပညာရှင် ကိုယ်စား လှယ်များ၊ အလုပ်သမား ကိုယ်စား လှယ်များဖြစ်ကြသည့် ကချင် ပြည်နယ်၊ ကယားပြည်နယ်၊ ကရင် ပြည်နယ်၊ ချင်းပြည်နယ်၊မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေး တိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော် သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေ ချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်း ရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန် မြို့တော် စည်ပင်သာယာရေးကော် မတီ၊ မန္တလေးမြို့တော် စည်ပင် သာယာရေးကော်မတီနှင့် ဝန်ကြီး ဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ် စားလှယ်များ၊ အခြားဖိတ်ကြားသင့် သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်း ဖိတ်ကြားထားသူများနှင့် ငြိမ်းချမ်းရေး ရယူထားသော အဖွဲ့အစည်းများ ဖြစ် ကြသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်း ပြည်နယ်(မြောက်ပိုင်း) အထူးဒေသ (၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူး ဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) **(KDA)**၊ ရှမ်း ပြည်နယ်(တောင်ပိုင်း) အထူးဒေသ (၆)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၇)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ **(KNDP)**နဂါး အဖွဲ့၊ ကရင်နီအမျိုးသား တိုးတက် ရေးပါတီ **(KNPP)** ခွဲထွက်(ဟိုယာ)၊ ကရင်နီ အမျိုးသားစည်းလုံးညီညွတ် ရေးအဖွဲ့(ကမစည)၊ ရှမ်းပြည်နယ် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက် ရေးအဖွဲ့ (ရလလဖ)၊ မွန်ပြည်သစ် ပါတီ၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသား အစည်းအရုံး **(DKBA)**၊ ဟောင်သရော အထူး ဒေသအဖွဲ့၊ လက်နက်နှင့် ငြိမ်းချမ်း ရေးလဲလှယ်သည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ် အဖွဲ့၊ ရှမ်းပြည်အမျိုးသား တပ် မတော်၊ အခြားဖိတ်ကြားသင့်သော ကိုယ်စားလှယ် အစုအဖွဲ့များအနက်မှ ရခိုင်ပြည်နယ်ဦးစောထွန်းဦး ဦးစီး အဖွဲ့၊ ဟိုမိန်းဒေသ သက်သာချောင်ချိ ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့၊ ရွှေပြည်အေး**(MTA)**အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေ ပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့ (ချောင်ချိဒေသ)၊ မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့နှင့် ရခိုင်တပ်မတော် (အေအေ)အဖွဲ့တို့မှ ညီလာခံကိုယ်စား လှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်း အဝေးမစတင်မီ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံ တော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုး ရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင် တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံ ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ် ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်း အဝေးကျင်းပရာ ပြည်ထောင်စုခန်းမ နှင့် ကိုယ်စားလှယ်များ နားနေဆောင် ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တက်ရောက် ကြောင်း မှတ်တမ်းတင် လက်မှတ် ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်း အဝေးတွင် သဘာပတိအဖြစ် နိုင်ငံ ရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင် များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စား

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်း အဖွဲ့ချုပ်မှ ဦးစောသန်းအောင်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်း အဖွဲ့ချုပ်မှ ဦးမန်းတင်မောင်(ခေါ်)ဦးမန်းမျိုးညွန့်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးယန်ကျင့်ကန်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် "ဝ"အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးညီပလုပ်က ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်း အဝေး၌ ညီလာခံကိုယ်စားလှယ် များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံကိုယ်စားလှယ်များ မှတ်တမ်းတင် လက်မှတ်ရေးထိုးကြစဉ်။ (သတင်းစဉ်)

စုံညီအစည်းအဝေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စု ခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

အခမ်းအနားမှူး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်စဉ်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)



ခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီ

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

လုပ်များအစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခေါ်) ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမြအေး၊ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦး ဘိုးစော၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိန်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ညီလာခံကိုယ်စားလှယ် ၁၀၈၈ ဦးရှိသည့်အနက် ညီလာခံကိုယ်စားလှယ် ၁၀၇၄ ဦး တက်ရောက်သည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၁ ရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုများအပိုင်းများနှင့် စပ်လျဉ်းပြီး အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီများက ဆွေးနွေး အကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြသည်။

ရှေးဦးစွာ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို နှစ်ပိုင်းခွဲ၍ ဖတ်ကြားတင်ပြရာ ယင်းအဖွဲ့ချုပ်မှ ဦးစောသန်းအောင်နှင့် ဦးမန်းတင်မောင်(ခေါ်) ဦးမန်းမျိုးညွှန့်တို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ယင်းပါတီမှ ဦးယန်ကျင့်ကန်က ဖတ်ကြားတင်ပြသည်။

ထို့နောက် နံနက် ၁၀နာရီတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

ဖတ်ကြားတင်ပြ

ယင်းနောက်နံနက် ၁၀နာရီခွဲတွင် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့် စပ်လျဉ်း၍ အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရေးအတွက် “ဝ” အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ ဆွေးနွေးအကြံပြုချက် စာတမ်းကို ယင်းပါတီမှ ဦးညီပလုပ်က ဖတ်ကြားတင်ပြသည်။

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၁နာရီ ၂၅မိနစ်တွင် ရပ်နားလိုက်သည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဇွန် ၂၈ရက်(တနင်္လာနေ့) နံနက် ၉နာရီတွင် ဆက်လက်ကျင်းပမည် ဖြစ်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းတင် လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လောက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဒေါ်ခင်နု၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စား

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ညီလာခံ ကိုယ်စားလှယ်များအား တွေ့ရစဉ်။

(သတင်းစဉ်)

၂၀၀၄ခုနှစ်၊ ဇူလိုင်လ (၃)ရက်
မြန်မာအမျိုးသမီးများနေ့
MYANMAR WOMEN'S DAY

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့ ဖျော်ဖြေတင်ဆက်

ရန်ကုန် ဇွန် ၂၅

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့် သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ အပန်းဖြေနိုင်ရေးအတွက် နေ့စဉ်ည ၇နာရီမှစတင်၍ ဖျော်ဖြေရေးအစီအစဉ်များကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ မြန်မာနိုင်ငံသဘင်ပညာရှင်များ အစည်းအရုံး၏စီစဉ်မှုဖြင့် သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့က ယမန်နေ့ညပိုင်းတွင် ဖျော်ဖြေတင်ဆက်ရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ကြည့်ရှုအားပေးပြီး အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ကြည့်ရှုအားပေး

ယင်းသို့ ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ် ဦးအေးမောင်၊ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး ဦးသောင်းညွှန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီဝင်များ၊ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဖျော်ဖြေတင်ဆက်ပွဲ၌ သစ္စာမေတ္တာ ရွှေမန်းသဘင်၏ သစ္စာထား နှစ်ပါးသွားခန်း အစီအစဉ်များတွင် မင်းသားမောင်ချမ်းသာ၏ သီဆိုကပြ ဖျော်ဖြေခြင်း၊ မင်းသားနှင့် မင်းသမီးများ အလှည့်ကျ ကပြဖျော်ဖြေခြင်း၊မင်းသမီးများ တစ်ဦးချင်း အလှည့်ကျ သီဆိုကပြဖျော်ဖြေခြင်း၊ လူရွှင်တော်များက ခွန်းထောက်ဖြင့် သီဆိုဂုဏ်ပြုခြင်း၊ ဟာဒယရွှင်ဆေးဖြင့် ဖျော်ဖြေတင်ဆက်ခြင်း၊ မင်းသား၊ မင်းသမီးများနှင့် လူရွှင်တော်များ စခန်းသိမ်း စုပေါင်းသီဆိုနှုတ်ဆက် ဂါရဝပြုဖျော်ဖြေခြင်းတို့ဖြင့် တင်ဆက်ကပြ ဖျော်ဖြေကြသည်။

ဇွန် ၂၅ရက်က နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းပိုင်း ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်း-ကျော်ဖုံး) (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့က ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌက ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေကျပ် ၁၅၀၀၀၀ကို အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်က ပေးအပ်ချီးမြှင့်ပြီး တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဂုဏ်ပြုဆုငွေ ကျပ် ၁၅၀၀၀၀ကို ချီးမြှင့်ရာ မင်းသား မောင်ချမ်းသာက လက်ခံသည်။

ထို့နောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းစိန်သည် အမျိုးသားညီလာခံကိုယ်စားလှယ်များအား ဖျော်ဖြေတင်ဆက်ခဲ့ကြသော အနုပညာရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များအား ၂၄-၆-၂၀၀၄ရက်ညက သစ္စာမေတ္တာ ရွှေမန်းသဘင်အဖွဲ့က ဖျော်ဖြေတင်ဆက်စဉ်။ (သတင်းစဉ်)

ဇွန် ၂၃ရက်က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွေး နေ့ကလေးထိန်းကျောင်းများနှင့် မူကြိုကျောင်းများဆိုင်ရာ လုပ်ငန်းလမ်းညွှန် ပြုစုရေးသားရေးအတွက် မူများချမှတ်နိုင်ရန် ညှိနှိုင်းဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

တပ်မတော်ဗိုလ်ရွေးအဖွဲ့ မူလတန်းကြိုကျောင်းဖွင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး တက်ရောက်အားပေး

ရန်ကုန် ဇွန် ၂၅

ရန်ကုန်တိုင်းစစ်ဌာနချုပ် မင်္ဂလာဒုံတပ်နယ်ရှိ တပ်မတော်ဗိုလ်ရွေးအဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်းဖွင့်ပွဲနှင့် ရာသက်ပန်အသင်းဝင် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈နာရီခွဲတွင် အဆိုပါကျောင်း၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားသို့ မင်္ဂလာဒုံတပ်နယ်မှူး ဗိုလ်မှူးချုပ်မင်းသိန်း၊ အမှတ်(၁) စစ်ဒေသမှူးနှင့် တပ်မတော် ဗိုလ်ရွေးအဖွဲ့ တပ်မှူး ဗိုလ်မှူးကြီးထွန်းကြည်၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယကအဖွဲ့ဝင်များ၊ ဥက္ကဋ္ဌ၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်နှင့် ကော်မတီဝင်များ၊ တပ်မတော် ဗိုလ်ရွေးအဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးက ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ၏ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းအမှာစကားပြောကြားသည်။

ထို့နောက် တပ်မတော်ဗိုလ်ရွေးအဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းမြက ရာသက်ပန်အသင်းဝင် အဆိုပြုလွှာများ ပေးအပ်ရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းကျန်းမာရေးဦးစီးမှူး ဒေါက်တာလှမြင့်က လက်ခံယူသည်။

ထို့နောက် တပ်မတော်ဗိုလ်ရွေးအဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲသို့ အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ တပ်မတော်ဗိုလ်ရွေးအဖွဲ့ တပ်မှူး ဗိုလ်မှူးကြီးထွန်းကြည် မိသားစုက အလှူငွေကျပ်ငါးသောင်း၊ အစုလိုက် စစ်ဆေးရေးဌာနမှ အရာရှိများ၊ စိတ်စစ်ဆေးရေးဌာနမှ အရာရှိများ၊ ဗိုလ်ကြီးကျော်ဌေးဝင်းနှင့် ဇနီးတို့က အလှူငွေကျပ်တစ်သိန်းစီတို့ကိုပေးအပ်လှူဒါန်းကြရာ တပ်မတော် ဗိုလ်ရွေးအဖွဲ့ တပ်မှူး ဗိုလ်မှူးကြီးထွန်းကြည်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ အခမ်းအနားပထမပိုင်း အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဆက်လက်၍ အခမ်းအနား ဒုတိယပိုင်းအစီအစဉ်များကို တပ်မတော်ဗိုလ်ရွေးအဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်းရှေ့၌ ကျင်းပရာ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်မှုကော်မတီ နာယက ဒေါ်ခင်သက်ဌေးနှင့် တပ်မတော်ဗိုလ်ရွေးအဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲဥက္ကဋ္ဌ ဒေါ်သန်းသန်းမြတို့က တပ်မတော်ဗိုလ်ရွေးအဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ မူလတန်းကြိုကျောင်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းခွဲ၏ မူလတန်းကြိုကျောင်း၏ အခြေအနေများနှင့် ကျောင်းအတွင်း ရင်သွေးငယ်ကလေးများ၏ စွမ်းရည်ပြသမှုများကို ကြည့်ရှုအားပေးကာ ရင်သွေးငယ်လေးများအား လက်ဆောင်ပစ္စည်းများနှင့် စားစရာများ ဝေငှပေးအပ်သည်။ (သတင်းစဉ်)

မူးယစ်ဆေးဝါးသုံးစွဲမှုသည် ဖြေရှင်းဆောင်ရွက်နိုင်သည့် ကိစ္စတစ်ခုဖြစ် ဆေးဝါးကုသမှုပေးလျှင် လူတစ်ဦး၏ဘဝမှန်ကို တန်ဖိုးရှိလာအောင် ပြုလုပ်ပေးနိုင်

၂၀၀၄ခုနှစ် ဇွန်လ ၂၆ရက်နေ့တွင် ကျရောက်သည့်အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အခမ်းအနားသို့ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်ထံမှ ပေးပို့သောသဝဏ်လွှာ-

မူးယစ်ဆေးဝါးသုံးစွဲမှုသည် အမြဲစွဲမြဲစွာ ကြုံတွေ့ဖြေရှင်းရမည့်ပြဿနာဖြစ်သည်ဆိုသော အယူအဆသည် လွန်စွာဆိုးရွားလှသည့် မှားယွင်းသော အယူအဆတစ်ခုပင်ဖြစ်ပါသည်။ အမှန်မှာ မူးယစ်ဆေးဝါးသုံးစွဲမှုသည် ဖြေရှင်းဆောင်ရွက်နိုင်သည့် ကိစ္စတစ်ခုဖြစ်ပြီး ဆေးဝါးကုသမှုပေးလျှင် လူတစ်ဦးတစ်ယောက်၏ ဘဝမှန်ကို တန်ဖိုးရှိလာအောင် ပြုလုပ်ပေးနိုင်သည့်အပြင် ဂုဏ်သိက္ခာ ပြန်လည်တိုးတက်ရရှိစေရန်လည်း ဆောင်ရွက်ပေးနိုင်ပါသည်။ ယခုနှစ်၌ ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးစွဲမှုနှင့် တရားမဝင် သယ်ဆောင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အတွက် ဆောင်ပုဒ်မှာ **ပြုစုကုသအောင်ပွဲရ မူးယစ်ကင်းစင်ဘဝ** ဖြစ်ပါသည်။ ၎င်းဆောင်ပုဒ်သည် အဆိုပါလွဲမှားသော အယူအဆကို ပကတိအခြေအနေမှန်အတိုင်း မြင်လာစေရန် ရည်ရွယ်ပြီး နောက်ဆုံးနှင့်ယုံကြည်စိတ်အချရဆုံး အထောက်အထားနှင့် သုတေသနများအပေါ် အခြေခံထားသော ဆောင်ပုဒ်ဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ လူသန်းပေါင်းများစွာတို့သည် မူးယစ်ဆေးဝါးပြဿနာများ၏ ဆိုးကျိုးများကို တိုက်ရိုက်ထိတွေ့ခံစားလျက်ရှိရာ ထိုအထဲတွင် မူးယစ်ဆေးဝါး ကိုယ်တိုင်သုံးစွဲနေသူများသာမက ၎င်းတို့၏ မိသားစုများလည်း အပါအဝင်ဖြစ်ပေသည်။ ၎င်းတို့၏ဘဝများ အခြေပျက်ခြင်း၊ ကျန်းမာရေးချို့ယွင်းခြင်း၊ ပညာရေး ဆုံးခန်းတိုင်မရောက်ရှိခြင်း၊ လုပ်ငန်းများပျက်စီးခြင်း၊ မိသားစုပြိုကွဲပျက်စီးခြင်းများလည်း ဖြစ်ခဲ့ရပါသည်။ မူးယစ်ဆေးဝါးပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရသည့်သူများနှင့် ၎င်းတို့၏ မိသားစုများ၊ သူငယ်ချင်းမိတ်ဆွေများအနေဖြင့် ၎င်းပြဿနာမှ ရှောင်ဖယ်ရန်းထွက်နိုင်ကြောင်းနှင့် လူတစ်ဦးချင်းစီ၏ အနေအထားနှင့် လိုအပ်ချက်များအပေါ် မူတည်၍ ထိရောက်သော အကူအညီများကို ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ရရှိနိုင်ကြောင်း သိရှိရန်လိုအပ်ပါသည်။

ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့အနေဖြင့် မူးယစ်ဆေးဝါးအား အမှီသဟဲပြုနေရသည့် အကြောင်းရင်းများကို ကောင်းစွာနားလည်သဘောပေါက်လာပြီဖြစ်ပါသည်။ မူးယစ်ဆေးဝါးအပေါ် အမြဲမှီခိုအားထားနေခြင်းသည် ဖြတ်မရအောင်စွဲလမ်းနေပြီး ဖြတ်ပြီးသူများလည်း အဖန်ဖန် ပြန်လည်သုံးစွဲကြသည်ဟု ကျွန်ုပ်တို့သိရှိထားကြပါသည်။ အခြားဖြေရှင်းရန်ခက်ခဲသည့် ကိစ္စရပ်များကဲ့သို့ပင် ပြဿနာရင်ဆိုင်နေရသူများအား လူနေမှုဘဝ သာယာလှပရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ပြဿနာများလျော့ ပါးသွားစေရေးနှင့် ၎င်းပြဿနာများ ရှောင်ရှားရေး၊ မိသားစုအတွင်းဆက်ဆံရေး ပိုမိုကောင်းမွန်လာစေရေး၊ ကလေးသူငယ်များအား ယုယစောင့်ရှောက်မှုများ တစ်ဖန် ပြန်လည် ရရှိလာစေရေးနှင့် နေရာထိုင်ခင်း၊အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိလာစေရန် ဆောင်ကြဉ်းပေးခြင်း စသည့် ထိရောက်သော ကြားဖြတ်ဟန့်တား ဆောင်ရွက်မှုများဖြင့် ကူညီဆောင်ရွက်ပေးနိုင်ကြောင်း ကျွန်ုပ်တို့သိရှိပါသည်။ မူးယစ်ဆေးဝါး သုံးစွဲမှုအားပြုစုကုသပေးခြင်းသည် ရာဇဝတ်မှုဖြစ်ပွားခြင်း၊ သွေးကြောများမှ တစ်ဆင့် ကူးစက်ဝင်ရောက်လာစေနိုင်သည့် ရောဂါများ အထူးသဖြင့် ခုခံအားကျဆင်းမှု ကူးစက်ရောဂါဖြစ်ပွားစေနိုင်သည့် အန္တရာယ်အလားအလာများ လျော့ပါးသွားစေရန် အဖွဲ့အစည်းအသိုက်အဝန်းများကို အထောက်အကူပြုသည့်အပြင် ကျန်းမာရေး ပိုမိုကောင်းမွန်လာစေမှု၊ လူတစ်ဦးချင်းနှင့် မိသားစုများအား စွမ်းရည်ပိုမိုတိုးတက်ကောင်းမွန်လာစေမှုနှင့် အရည်အသွေး ပိုမိုတိုးတက်လာစေမှုများမှ လိုလားတောင့်တသည့် အခွင့်အလမ်းများ ရရှိအောင် ဆောင်ကြဉ်းပေးရာတွင် အထောက်အကူ ပြုစေနိုင်သည်ဟု ကျွန်ုပ်တို့ သိရှိထားကြပါသည်။

ဆေးဝါးကုသပေးမှုသည် မူးယစ်ဆေးဝါးသုံးစွဲမှုနှင့် ဆက်နွှယ်သည့် ကျန်းမာရေးနှင့် လူမှုရေး ကိစ္စရပ်များ ဖြေရှင်းမှု ကုန်ကျစရိတ် သက်သာစေသည်သာမက ဆေးဝါးကုသမှု၊ လူမှုရေးနှင့် မှုခင်းဆိုင်ရာ တရားစီရင်မှု ကုန်ကျစရိတ်များကိုပါ လျှော့ချကြောင်း မူဝါဒချမှတ်သူများအနေဖြင့် နှလုံးသွင်းထားရန် လိုအပ်ပါသည်။ မူးယစ်ဆေးဝါးသုံးစွဲမှုအား ပြုစုကုသရေးဆိုင်ရာကိစ္စများနှင့် ပတ်သက်၍ ပီပီပြင်ပြင် အထောက်အကူပြုနိုင်ရန် ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့် ပြစ်မှုဆိုင်ရာရုံး၏ www.unodc.org တွင် ရှင်းလင်းလွယ်ကူစွာ ရယူအသုံးပြုနိုင်ပြီဖြစ်ပါသည်။

ယနေ့ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးစွဲမှုနှင့် တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခါသမယတွင် မူးယစ်ဆေးဝါးသုံးစွဲမှု ပြုစုကုသရေးနှင့် ၎င်း၏ ထိရောက်သော လုပ်ငန်းများနှင့် ပတ်သက်၍ ခိုင်မာသည့် အထောက်အထား သာဓကများကို ဆန်းစစ်ကြရန်နှင့် ထည့်သွင်းစဉ်းစားကြရန် မိမိအနေဖြင့် အားလုံးကို ဖိတ်ခေါ်လိုက်ပါသည်။ ပြုစုကုသ အောင်မြင်မှုသည် မိမိတို့အားလုံးအတွက် အကျိုးဖြစ်ထွန်းစေမည် ဖြစ်ပေသည်။ ။

မူးယစ်ဆေးဝါး အလွဲသုံးစွဲသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေး မလွဲမသွေ အောင်မြင်အောင် အကောင်အထည်ဖော်ရန် လိုအပ်နေ

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေး အထိမ်းအမှတ်နေ့အတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်ထံမှ ပေးပို့သည့် သဝဏ်လွှာ-

(၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်)

၂၀၀၄ခုနှစ်တွင်မူးယစ်ဆေးဝါးပြဿနာအား ကမ္ဘာတစ်ဝန်းလုံးရှိ နိုင်ငံအသီးသီးမှ ရင်ဆိုင်ဖြေရှင်းရေးအတွက် ချမှတ်ပေးလိုက်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ ဆောင်ပုဒ်မှာ Drugs; Treatment Works၊ **ပြုစုကုသ အောင်ပွဲရ မူးယစ်ကင်းစင်ဘဝ** ဟူ၍ ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပပျောက်ရေး(၁၅)နှစ် စီမံကိန်းကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့မှ တာဝန်ယူရေးဆွဲပြီး စီမံကိန်းအကောင်အထည်ဖော်ရာတွင် ကျင့်သုံးရမည့် မဟာဗျူဟာ(၂)ရပ်၊ နည်းဗျူဟာ(၃)ရပ်နှင့် နည်းနိဿယ(၃) ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ နည်းဗျူဟာ(၃)ရပ်တွင် ထုတ်လုပ်မှု ပပျောက်ရေး၊ သုံးစွဲမှု ပပျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးဟူသော ကဏ္ဍ(၃)ရပ် ပါဝင်လျက်ရှိရာ ယခုနှစ်ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးမှ ချမှတ်ပေးသည့် Drugs; Treatment Works၊ **ပြုစုကုသ အောင်ပွဲရ မူးယစ်ကင်းစင်ဘဝ** ဟူသော ဆောင်ပုဒ်သည်မြန်မာနိုင်ငံ၏သုံးစွဲမှုပပျောက်ရေး နည်းဗျူဟာနှင့် တစ်ထပ်တည်း တူညီနေကြောင်း တွေ့ရှိရပါသည်။

သို့ဖြစ်၍ အဆိုပါ ဆောင်ပုဒ်နှင့်အညီ ကျွန်ုပ်တို့ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ပြည်သူလူထု တစ်ရပ်လုံးနှင့် ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များအနေဖြင့် မိမိတို့ဒေသအသီးသီးတွင် မူးယစ်ဆေးဝါးအလွဲသုံးစွဲမိသဖြင့် ဆေးစွဲသူဘဝ ရောက်ရှိနေသူများအား မူးယစ်ဆေးဝါးသုံးစွဲမှု ကင်းစင်သည့်ဘဝသို့ ပြန်လည်ရောက်ရှိအောင် ပြုစုကုသရေးဆောင်ရွက်ပေးကြရန် ယနေ့ ဇွန်လ ၂၆ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးနည်းဗျူဟာနှင့်အညီ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့၏ တိုက်ရိုက် ကြီးကြပ်မှုဖြင့် ရွှေပြည်သာနှင့် ရွှေပြည်အေးလူငယ်များ ပြုစုပျိုးထောင်ရေးစခန်း(၂)ခုကို ဖွင့်လှစ်ပြီး မူးယစ်ဆေးစွဲသူများအား ဆေးကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် မကြာမီ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ် တီးမကျေးရွာအနီးတွင် မူးယစ်ဆေးစွဲသူများအား ကုသရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးမည့် ရွှေပြည်သစ်လူငယ်များ ပြုစုပျိုးထောင်ရေး စခန်းတစ်ခုကို ထပ်မံတိုးချဲ့ဖွင့်လှစ်ရေး စတင်ဆောင်ရွက်နေပြီ ဖြစ်ပါသည်။

အလားတူ လူမှုဝန်ထမ်းဦးစီးဌာန၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ပြည်နယ်/တိုင်းများတွင် ပြန်လည်ထူထောင်ရေးစခန်း (၆)ခုဖွင့်လှစ်ပြီး ဆေးစွဲသူများအား ဆေးဝါးကုသခံယူပြီးနောက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထို့အပြင် ကျန်းမာရေးဦးစီးဌာန၏ တိုက်ရိုက်ကြီးကြပ်မှုဖြင့် ပြည်နယ်/တိုင်းများတွင် မူးယစ်ဆေးစွဲသူများအား ကုသပေးရန်အတွက် ဆေးကုဌာနကြီး ၂၆ခုနှင့် ဆေးကုဌာနငယ် ၄၀ခုတို့အား ဖွင့်လှစ်ပေးထားပြီး ဆေးကုသဌာန သီးခြားဖွင့်လှစ်ပေးနိုင်ခြင်းမရှိသည့် မြို့နယ်များတွင် သက်ဆိုင်ရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ယူ ကုသပေးလျက်ရှိပါသည်။

ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် မှုခင်းဆိုင်ရာရုံး (UNODC)၏ ယခုနှစ်အတွက် ကမ္ဘာ့မူးယစ် ဆေးဝါးဆိုင်ရာအစီရင်ခံစာတွင် ကမ္ဘာတစ်ဝန်းလုံး၌ မူးယစ်ဆေးဝါးသုံးစွဲသူအရေအတွက်မှာ ၁၈၅ သန်းခန့် ရှိမည်ဟု ခန့်မှန်းထားပြီး ကမ္ဘာ့လူဦးရေ၏ (၃)ရာခိုင်နှုန်း၊ သို့မဟုတ် အသက် ၁၅နှစ်မှ ၆၄နှစ်ထိရှိသူများ၏ ၄ ဒသမ ၇ ရာခိုင်နှုန်းနှင့်ညီမျှသည်ဟု ဖော်ပြထားကြောင်း သိရှိရပါသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးသုံးစွဲသူ အရေအတွက်မှာ ၂၀၀၄ခုနှစ် ဇန်နဝါရီလအထိ မူးယစ်ဆေးဝါးသုံးစွဲသူ အခြေခံစာရင်းကောက်ယူမှုအရ ၆၃၆၁၅ယောက်ရှိပြီး ကျန်းမာရေးဦးစီးဌာန၏ မူးယစ်ဆေးစွဲ လူနာမှတ်ပုံတင်စာရင်းများအရ ၆၄၃၃၀ယောက်ဖြစ်ကြောင်း သိရှိရသဖြင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး အလွဲသုံးစွဲသူများအား ပြုစုကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မလွဲမသွေ အောင်မြင်အောင် အကောင်အထည်ဖော်ရန် လိုအပ်နေကြောင်း သုံးသပ်ရပါသည်။

"မူးယစ်ဆေးဝါးအလွဲသုံးစွဲသူ တစ်ဦးဖြစ်ခဲ့လျှင် အမြဲတမ်းဆေးသုံးစွဲသူသာဖြစ်မည်၊ လူကောင်းပကတိ ပြန်မဖြစ်နိုင်"ဟူသောမှားယွင်းသည့် အယူအဆကို ပယ်ဖျက်၍ ဆေးစွဲသူများ၏ ဘဝကို အဖိုးထိုက်တန်သော လူ့ဘောင်အတွင်းပြန်လည်ဝင်ရောက်လာနိုင်ရေးအတွက် အပြုသဘောဆောင်သော ထိရောက်သည့်နည်းလမ်းများဖြင့် အချိန်ယူ ပြုစုကုသပါက အောင်ပွဲရပြီး မူးယစ်ဆေးဝါး ကင်းစင်သော ဘဝကို ဧကန်ရောက်ရှိမည်ဟု ယုံကြည်မိပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူအားလုံးက ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၀၄ခုနှစ် ဆောင်ပုဒ်ဖြစ်သည့် Drugs; Treatment Worksဟူသောဆောင်ပုဒ်နှင့်အညီ နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်း၍ မူးယစ်ဆေးစွဲသူများအား ကုသရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက် ပေးကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့

၂၆-၆-၂၀၀၄

International Day Against Drug Abuse and Illicit Trafficking 26-6-2004

ဆေးဝါးကုသ အောင်ပွဲရ၊ မူးယစ်ကင်းစင်ဘဝ

မူးယစ်အန္တရာယ် ပြည့်ရန်စွယ်

* မူးယစ်အန္တရာယ်၊ ပြည့်ရန်စွယ်ကို
ဖယ်ရှားတိုက်ဖျက်၊ လက်ချင်းဆက်စို့။
* စိတ်ပြောင်းဉာဏ်ပြုန်း၊ လူညွန့်တုံးစေ
ဆွေစဉ်မျိုးဆက်၊ သင်းနှိပ်စက်သမို့
အဖျက်ထိုရန်၊ ဒို့တွန်းလှန်စို့
အမှန်တရား၊ လက်ကိုင်ထားလျက်။
* လူ့ဘဝသည်၊ ရခဲဖြစ်ခဲ
ကျင်လည်မြဲတည့်၊ အမြဲလှပ
လူ့လောကတွင်၊ အလှဖျက်ဘေး
မူးယစ်ဆေးနှင့်၊ ဝေးဝေးနေကြ
ရှောင်ရှားကြ။
* လှပဝေသော၊ အပြောကျယ်စွ
လူ့ဘဝကို၊ ထွန်းပတန်ဆာ
နဝရတ်ဖြာအောင်၊ အလှ္ဘာတပ်ဆင်
မြှင့်တင်ချင်က၊ အလှဖျက်ဘေး
မူးယစ်ဆေးကို၊ ဝေးဝေးဖယ်ကြ
ကျောခိုင်းကြ။
* အသက်အိုးအိမ်၊ စည်းစိမ်ကွယ်ပျောက်
ကျွမ်းထိုးမှောက်လှန်၊ မူးယစ်ဒဏ်ကြောင့်
ကံကြမ္မာရှုပ်၊ ဇာတ်ထုပ်အလား
မမိုက်မှားနှင့်၊ တရားကင်းဝေး
မူးယစ်ဆေးဒဏ်၊ ကြုံတွေးချိန်ဆ
ရှောင်ကြဉ်ကြ။
* ကိုယ့်သွေးကိုယ့်သား၊ ရေလိုက်မှား၍
သားကောင်မဖြစ်ရေး၊ လမ်းပြပေးလော့
မူးယစ်ဆေးဝါး၊ ဒို့မကြားလို
မူးယစ်ဆေးဒဏ်၊ ဒို့မခံလို
တွန်းလှန်ပစ်ကြ၊ ဆိတ်သုဉ်းပ,မှ
လောကတို့မြေ၊ အလှဝေ၍
ပန်းတွေကုဋေကဋာ ပွင့်လိမ့်မည်။ ။

လှဝင်း(ကြို့ပင်ကောက်)

နှင်းဆီကုန်း ဘိုးဘွားရိပ်သာတွင် စောင့်ရှောက်ထားသော ဘိုးဘွား၂၄၀ အနက်မှ ဒုတိယ အသက်အကြီးဆုံးဖြစ်သည့် ဘွားအေးမေ၏ (၁၀၂)နှစ်ပြည့် မွေးနေ့မင်္ဂလာ အခမ်းအနားကို ဇွန်၂၂ရက် နံနက်ပိုင်းက နှင်းဆီကုန်း ဘိုးဘွားရိပ်သာ ဓမ္မာရုံခန်းမတွင် ကျင်းပရာ ရိပ်သာအုပ်ချုပ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်ရှိန်(ငြိမ်း)က ဘိုးဘွားများ၊ အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ဝန်ထမ်းများကိုယ်စား လှူဖွယ်ပစ္စည်းနှင့် အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လူကုန်ကူးမှုတားဆီးကာကွယ်ရေး မူဝါဒများ ချမှတ်အကောင်အထည်ဖော်နေ မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုများ ပပျောက်ရေး ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဇွန် ၂၅

မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေး ကြိုတင်ညှိနှိုင်း အစည်းအဝေးကို ယနေ့ညနေပိုင်းတွင် ပြည်ထဲရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်၊ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ ဒုတိယတရားသူကြီးချုပ်ဦးသိန်းစိုး၊ ဒုတိယရှေ့နေချုပ် ဒေါက်တာထွန်းရှင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာ ဒေါ်ခင်အေးဝင်းနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး၊ တပ်မတော်ထောက်လှမ်းရေး ဌာနချုပ်ရုံးနှင့် ရန်ကုန်တိုင်း စစ်ဌာနချုပ်တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က အမှာစကား ပြောကြားရာတွင် မြန်မာနိုင်ငံသည် ယနေ့ကမ္ဘာပေါ်တွင် ရှေ့တန်းသို့ရောက်ရှိလာသည့် နိုင်ငံဖြတ်ကျော်မှုခင်းပြဿနာကို နိုင်ငံတကာနှင့် ပူးပေါင်းတိုက်ဖျက်ရေးအတွက် ၂၀၀၄ခုနှစ် မတ် ၃၀ရက်တွင် နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းနှင့် နောက်ဆက်တွဲစာချုပ်ဖြစ်သည့် Protocol to Prevent, Suppress and Punish Trafficking in Persons, Especially Women and Children နှင့် Protocol Against the Smuggling of Migrants by Land, Sea and Air တို့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း။

လက်ခံကျင်းပမည်

၂၀၀၄ခုနှစ် အောက်တိုဘာလတွင် မဲခေါင်မြစ်ဝှမ်းဒေသအတွင်းရှိ နိုင်ငံခြောက်နိုင်ငံမှ ဝန်ကြီးများအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရန်ရှိကြောင်း၊ ထိုအစည်းအဝေးမတိုင်မီ ၂၀၀၄ခုနှစ် ဇူလိုင်လအတွင်းတွင် ထိုင်းနိုင်ငံ၌ ပထမအကြိမ် ကြိုတင်ညှိနှိုင်း အစည်းအဝေးကျင်းပရန်ရှိပြီး ဒုတိယအကြိမ် ကြိုတင်ညှိနှိုင်းအစည်းအဝေးကို ၂၀၀၄ခုနှစ် အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၌ ကျင်းပရန်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အစည်းအဝေး လက်ခံကျင်းပခြင်းအားဖြင့် လူကုန်ကူးမှု တိုက်ဖျက်ရေးအတွက် နိုင်ငံတကာနှင့် ဒေသအတွင်း တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ကြောင်း ပြသသည့် မှတ်တိုင်တစ်ခုအဖြစ် လည်းကောင်း၊ အစည်းအဝေးမှ ထွက်ပေါ်လာမည့် MoU နှင့် Plan of Action သည် ဒေသအတွင်း လက်တွေ့အကောင်အထည်ဖော်ပြီး တိုးတက်ဖြစ်ပေါ်မှုကို Monitoring ပြုလုပ်မည်ဖြစ်၍ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် အထောက်အကူအဖြစ်လည်းကောင်း၊ ဒေသအတွင်း အခြားနိုင်ငံများ၏ လူကုန်ကူးမှု တိုက်ဖျက်ရေး ဆောင်ရွက်မှုများကို လေ့လာရရှိပြီး မိမိနိုင်ငံ၏ တက်ကြွက်စွာ အလေးထားဆောင်ရွက်နေမှုများနှင့် အောင်မြင်မှုများကို တင်ပြခွင့် အခွင့်အလမ်းများအဖြစ် လည်းကောင်း ရရှိမည်ဖြစ်ကြောင်း။

ပြစ်ဒဏ်ချမှတ်ခဲ့

လူကုန်ကူးမှုသည် မြန်မာလူမျိုးတို့၏ အမျိုးအနွယ်စောင့်ထိန်းမှုကို ထိခိုက် ပျက်ပြားစေသည့်အတွက် တားဆီးကာကွယ်ရေး လုပ်ငန်းကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် မူဝါဒချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ လုပ်ငန်းကော်မတီနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ခေါင်းဆောင်သော လူကုန်ကူးမှု တားဆီးကာကွယ်ရေး လုပ်ငန်းကော်မတီများကို ဖွဲ့စည်း၍ လူကုန်ကူးမှုတိုက်ဖျက်ရေး ကိစ္စရပ်များ ပပျောက်ရေးအတွက် ကြိုးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီ စတင်ဖွဲ့စည်းခဲ့သည့် ၁၇-၇-၂၀၀၃ရက်မှ ၃၁-၁၂-၂၀၀၃ရက်အထိ လူပွဲစားများအား ဖော်ထုတ်ဖမ်းဆီးခဲ့ရာ လူပွဲစား ၅၄၀ဦးကို အမှုပေါင်း ၂၉၄မှုဖြင့် အရေးယူနိုင်ခဲ့ကြောင်း၊ အရေးယူသည့် လူပွဲစားများအနက် ၃၁၄ဦးမှာ တရားရုံးမှ ထိရောက်သည့်ပြစ်ဒဏ် ချမှတ်ခဲ့ပြီးဖြစ်ကြောင်း၊ ပြစ်ဒဏ်ချမှတ်ချက်များအနေဖြင့် တစ်သက်တစ်ကျွန်းဒဏ် နှစ်ဦး၊ ထောင်ဒဏ် ၁၀နှစ်အထက် ၇၇ဦး၊ ထောင်ဒဏ် ငါးနှစ်အထက် ၁၅၈ဦး၊ ထောင်ဒဏ် ငါးနှစ်အောက် ၇၇ဦးဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ပတ်သက်၍ သီးခြားဥပဒေ ပြဋ္ဌာန်းထားခြင်း မရှိသော်လည်း တည်ဆဲဥပဒေများဖြစ်သည့် ပြစ်မှုဆိုင်ရာ ဥပဒေ(၁၈၆၁)၊ ၁၉၄၉ခုနှစ် ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေ၊ ၁၉၄၉ခုနှစ် ပြည့်တန်ဆာ နှိပ်ကွပ်ရေးအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ၊ ကလေးသူငယ်ဥပဒေ (၁၉၉၃)၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေ(၁၉၉၉)တို့ဖြင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအခါ လူကုန်ကူးမှု တားဆီးကာကွယ်ရေးအတွက် ကုလသမဂ္ဂ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် လိုက်လျောညီထွေမှုရှိသည့် သီးခြားဥပဒေပြဋ္ဌာန်းရေးအတွက် ဥပဒေမူကြမ်း ရေးဆွဲလျက်ရှိကြောင်း။

ပြန်လည်ကြိုဆိုလက်ခံ

ပြည်ပနိုင်ငံများသို့ တရားမဝင်ရောက်ရှိနေသော မြန်မာနိုင်ငံသားများ မိမိနိုင်ငံသို့ ပြန်လာနိုင်ရေးအတွက် ပြန်လည်ကြိုဆိုလက်ခံရေးစခန်းကို ဌာနဆိုင်ရာခြောက်ခု ပူးပေါင်းပါဝင်မှုဖြင့် ၂၀၀၂ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် မြဝတီမြို့၌ ဖွင့်လှစ်ပြီး ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများအား စနစ်တကျ လက်ခံပြီး အိမ်တိုင်ရာရောက်စနစ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ပြည်ပနိုင်ငံမှ ၇-၆-၂၀၀၄ရက်အထိ ပြန်လည်ဝင်ရောက်လာသူ (ကျား) ၁၀၀၃၁ ဦး၊ (မ) ၃၅၀၆ဦး စုစုပေါင်း ၁၃၅၃၇ဦးနှင့် ကလေး(ကျား) ၁၇၇ဦး၊ (မ)၁၇၆ဦး စုစုပေါင်း ၃၅၃ဦးဖြစ်ကြောင်း။

မတရားဝင်မှုကာကွယ်

နယ်စပ် ဖြတ်ကျော်သွားလာမှုနှင့် ပတ်သက်၍ မြန်မာနိုင်ငံ နယ်နိမိတ်အတွင်းသို့ နိုင်ငံခြားသားများ မတရားဝင်ရောက်ခြင်းမှ ထိန်းသိမ်းကာကွယ်ရန်အတွက် ၂၅-၁-၆၃ ရက်တွင် (၂၄)ကြိမ်မြောက် ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ နိုင်ငံခြားသားများ မတရားဝင်ရောက်မှု ကာကွယ်ရေးအဖွဲ့(မကဖ)ကို လူဝင်မှုကြီးကြပ်ရေး၊ အကောက်ခွန်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့ ပါဝင်ဖွဲ့စည်းပြီး နယ်စပ်ဒေသ ၂၂ခုတွင် ဖြန့်ခွဲတာဝန်ပေးခဲ့ကြောင်း။

ပြန်လည်ပေါင်းစည်းပေးခဲ့

ထို့ပြင် လူကုန်ကူးခြင်းခံရသူများအား လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အစိုးရဌာနများ၊ နိုင်ငံတကာ လူမှုရေးအသင်းအဖွဲ့များ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ မိသားစုထံ ပြန်လည်ပို့ဆောင်ရေး၊ ပြန်လည်ထူထောင်ရေး၊ လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးတို့ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၀၄ခုနှစ်အတွင်း မလေးရှားနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော မြန်မာအမျိုးသမီးသုံးဦး၊ ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် အမျိုးသမီးခြောက်ဦးကိုလည်းကောင်း၊ လူမှုဝန်ထမ်းဦးစီးဌာနနှင့် အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ၂၀၀၃ခုနှစ်တွင် ၄၂ဦး၊ ၂၀၀၄ခုနှစ်တွင် ခုနစ်ဦးတို့ကိုလည်းကောင်း မိသားစုထံသို့ ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့ကြောင်း၊ ထို့ပြင် ပြည်နယ်၊တိုင်းအသီးသီး၌ ၂၀၀၃ခုနှစ်အတွင်း မွန်ပြည်နယ်မှ ၁၈ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ ၂၄ဦး၊ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ခုနစ်ဦးတို့ကိုလည်းကောင်း၊ ၂၀၀၄ခုနှစ်တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း)မှ ၅၂ဦး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ခုနစ်ဦးတို့ကိုလည်းကောင်း မိသားစုနှင့်အတူ ပြန်လည်ပေါင်းစည်းပေးနိုင်ခဲ့ကြောင်း။

မြန်မာနိုင်ငံသည် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို ဩစတြေးလျနိုင်ငံအစိုးရနှင့် ၂၂-၁၂-၂၀၀၃ရက်တွင် လက်မှတ်ရေးထိုးခဲ့ပြီး မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အထူးအဖွဲ့ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ ယခုအခါ စီမံကိန်းအကူအညီဖြင့် အထူးအဖွဲ့ တပ်ဖွဲ့ဝင်များကို စွမ်းရည်မြှင့်သင်တန်းများ ပေးလျက်ရှိကြောင်း၊ လူကုန်ကူးမှုဖြစ်ပွားရန် အလားအလာရှိသော နယ်စပ်မြို့ ၁၀မြို့တွင် အထူးအဖွဲ့များ ထပ်မံဖွဲ့စည်း၍ စတင်လေ့ကျင့်ပေးလျက်ရှိကြောင်း။

နုတ်ထွက်ခွင့်ပြုခဲ့

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်း မပြုစေရန်အတွက် ၁၉၅၉ခုနှစ် တပ်မတော်အက်ဥပဒေနှင့် ကာကွယ်ရေးဝန်ကြီးဌာန၏ ညွှန်ကြားလွှာ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခဲ့ရာ သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီမှုမရှိ၍ ၂၀၀၄ ခုနှစ်တွင် ၄၇၃ ဦး၊ ၂၀၀၃ ခုနှစ်တွင် ၂၃၇ဦးတို့ကို နုတ်ထွက်ခွင့်ပြုခဲ့ပြီး ၁၇၆ဦးကို တပ်သားသစ်အဖြစ် စုဆောင်းခြင်းကို ငြင်းပယ်ခဲ့ကြောင်း၊ အဓမ္မစုဆောင်းမှုကြောင့် တာဝန်ရှိစစ်သည်များကို အရေးယူခဲ့ကာ ၂၀၀၂ ခုနှစ်တွင် ၁၇ဦး၊၂၀၀၃ခုနှစ်တွင် ငါးဦးဖြစ်ကြောင်း၊ ထို့ပြင် စစ်ရေးချုပ်ဦးဆောင်သည့် အရွယ်မရောက်သေးသော ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်ထိန်းသိမ်းတားဆီးရေးကော်မတီကို ၅-၁-၂၀၀၄ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း။

တစ်ဖက်သတ် သတ်မှတ်

မြန်မာနိုင်ငံအနေဖြင့် ဖော်ပြပါအတိုင်း မိမိနိုင်ငံအတွင်း လူမှောင်ခိုကုန်ကူးသူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်း၊ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဖြစ်သော ပညာပေးခြင်း၊ တားဆီးခြင်း စသည်တို့ကို ဆောင်ရွက်သည့်အပြင် လူကုန်ကူးမှု တိုက်ဖျက်ရေးကို အိမ်နီးချင်းနိုင်ငံများနှင့် လည်းကောင်း၊ ဒေသအတွင်း နိုင်ငံများနှင့်လည်းကောင်း တက်ကြွစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်လျက်ရှိခြင်း၊ ဘက်ပေါင်းစုံ၊ နည်းလမ်းပေါင်းစုံ ရှုထောင့်အမျိုးမျိုးမှ စွမ်းစွမ်းတမံ ကြိုးပမ်းအားထုတ်ခြင်း စသည်တို့ကို ပြုလုပ်ထားသော်လည်း မသိကျိုးကျွန်ပြု၍ အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ၂၀၀၃ခုနှစ်အတွက် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာကို ၂၀၀၄ ခုနှစ် ဇွန် ၁၄ရက် ထုတ်ပြန်ခဲ့ရာ၌ မြန်မာနိုင်ငံအပေါ် (Tier-3)တွင် တစ်ဖက်သတ် သတ်မှတ်ထားခြင်းကို တွေ့ရှိခဲ့ရကြောင်းဖြင့် ပြောကြားသည်။

အစွမ်းကုန်အားထုတ်

ဆက်လက်၍ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်က အမေရိကန်နိုင်ငံ၏ (Tier-3) သတ်မှတ်မှုကို သုံးသပ်ဆွေးနွေးရာတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားတို့၏ ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ထောင်ပေးရန် မြန်မာအစိုးရသည် လုံ့လဝီရိယထုတ် ဆောင်ရွက်လျက်ရှိသော်လည်း မြန်မာနိုင်ငံ၏ ချီးကျူးထိုက်သော အားထုတ်ဆောင်ရွက်မှုတို့ကို အသိအမှတ်ပြုရန် အမြဲတစေ ငြင်းကွယ်နေသည့် ၎င်းတို့၏ အပြုသဘောမဆောင်သော တုံ့ပြန်ချက်များကို အရေးမထားဘဲ မြန်မာနိုင်ငံအနေဖြင့် လူမှောင်ခို ကုန်ကူးမှု တိုက်ဖျက်ရေးအတွက် အစွမ်းကုန်အားထုတ် ဆောင်ရွက်သွားရမည်သာ ဖြစ်ကြောင်းပြောကြားသည်။

နိုင်ငံရေးဖိအားပေး

ထို့နောက် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးတင်ဝင်းက ပြောကြားရာတွင် မြန်မာနိုင်ငံသည် ILO အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ILO နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း ၁၉၉၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် အဓမ္မခိုင်းစေမှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နေသည်ဆိုသော နိုင်ငံရေး ဖိအားပေး စွပ်စွဲမှုများ ပြုလုပ်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လုပ်အားပေးဆင့်ဆိုမှုများနှင့် ပတ်သက်သည့် ကျေးရွာဥပဒေနှင့် မြို့များဥပဒေပါ ပုဒ်မအချို့ကို ကျင့်သုံးခြင်း မပြုရန် တားမြစ်သည့် အမိန့်အမှတ် (၁/၉၉)ကို ပြည်ထဲရေးဝန်ကြီးဌာနမှ ၁၄-၅-၁၉၉၉ရက်တွင် ထုတ်ပြန်ခဲ့ပြီး ဖြည့်စွက်အမိန့်ကို ၂၇-၁၀-၂၀၀၀ရက်တွင် ထပ်မံထုတ်ပြန်ခဲ့ကြောင်း၊ ILO မှ ကျွမ်းကျင်သူများနှင့် ပူးပေါင်းဆောင်ရွက်မှု အကြိမ်ကြိမ် ပြုလုပ်ခဲ့ကြောင်း၊ ၂၀၀၂ခုနှစ် မတ်၁၉ရက်တွင် ILO ဆက်သွယ်ရေးအရာရှိ ခန့်ထားရေးကိစ္စအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ILO တို့အကြား သဘောတူညီခဲ့ပြီး ဆက်သွယ်ရေးရုံး ဖွင့်လှစ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အဓမ္မစေခိုင်းမှုများများ ပပျောက်ရေးအတွက် အလုပ်သမားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ ဦးဆောင်သည့် ကွင်းဆင်းလေ့လာရေးအဖွဲ့ ဖွဲ့စည်း၍ အကောင်ထည်ဖော် ဆောင်ရွက်လျက်ရှိပြီး ဆောင်ရွက်ချက်များကို ILO ညွှန်ကြားရေးမှူးချုပ်ထံ ပုံမှန်ပေးပို့လျက်ရှိကြောင်း၊ ၂၀၀၃ခုနှစ် ဇွန်လက ကျင်းပခဲ့သည့် ILO ညီလာခံတွင် မြန်မာနိုင်ငံနှင့် ILO တို့ ညှိနှိုင်းရေးဆွဲတင်ပြသည့် Joint Plan of Action on Elimination of Forced Labour ကို အလုပ်သမားရေးရာနှင့် မသက်ဆိုင်သည့် နိုင်ငံရေးအကြောင်းပြချက်ဖြင့် ILO ဘက်မှ ဆိုင်းငံ့ထားခဲ့ကြောင်း၊ မြန်မာနိုင်ငံသည် ILO အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာကိုယ်စားလှယ်တို့က အကြံပြုဆွေးနွေးကြပြီး မဲခေါင်ဒေသ ခြောက်နိုင်ငံ လူကုန်ကူးမှု တိုက်ဖျက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကျင်းပရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများကို ဖွဲ့စည်း၍ ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင်က နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (သတင်းစဉ်)

အမှာစကားပြောကြား

မဲခေါင်မြစ်ဝှမ်းဒေသအတွင်း လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး ဝန်ကြီးအဆင့် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပရေး ကြိုတင်ညှိနှိုင်းအစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်လှိုင် အမှာစကားပြောကြားစဉ်။

(ပြည်ထဲရေး)

ထူးကဲဒီရေ တက်ဖွယ်ရှိ

ရန်ကုန် ဇွန် ၂၅

၂၀၀၄ခုနှစ် ဇူလိုင် ၂ရက်မှ ဇူလိုင် ၅ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ ၁၁ပေခန့်မှ ၂၀ဒသမ ၃၄ပေခန့်အထိ ထူးကဲဒီရေ တက်ဖွယ်ရှိကြောင်း ကမ်းနားဒေသအတွင်း နေထိုင်ကြသော အများပြည်သူများအား မြန်မာ့ဆိပ်ကမ်းအာဏာပိုင်က သတိပေးထားသည်။ (သတင်းစဉ်)

ခံစစ်အားပြုလွှန်းသောအင်္ဂလန်အသင်းရှုံး စကိုလာရီ လူစားလဲမှန်၍ ပေါ်တူဂီအနိုင်ရ

ရန်ကုန် ဇွန် ၂၅

၂၀၀၄ ခုနှစ် ဥရောပချန်ပီယံဖလား ဘောလုံးပြိုင်ပွဲ (Euro-2004) ပထမကွာတားဖိုင်နယ် ရှုံးထွက်ပွဲစဉ်ကို ယနေ့နံနက် ၀၁နာရီ ၁၅မိနစ်က ပေါ်တူဂီနိုင်ငံ၌ ကျင်းပရာ အိမ်ရှင်ပေါ်တူဂီအသင်းနှင့် အင်္ဂလန်အသင်းတို့ သာမန်ကစားချိန် မိနစ်၉၀တွင်ရော အချိန်ပို၌ပါ သရေကျနေသဖြင့် ပိုင်နယ်တီအဆုံးအဖြတ်ကန်ရပြီးမှ ပေါ်တူဂီအသင်းအနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ပွဲစသည်နှင့်အင်္ဂလန်အသင်း အင်နှင့်အားနှင့်ဖိကစားနေရာမှ သုံးမိနစ်တွင် ပေါ်တူဂီနောက်တန်းမှ ကော့စတင်ညာ ဂိုးသမားထံ ခေါင်းတိုက်ပို့သည့်ဘောလုံးကို တိုက်စစ်မှူး အိုဝင်ရပြီး သွင်းယူလိုက်သဖြင့် အင်္ဂလန်အသင်းဂိုးစတင်ရရှိသည်။ ၁၀ မိနစ်နောက်ပိုင်း အင်္ဂလန်အသင်း ကစားကွက်ပျက်သွားပြီး ပေါ်တူဂီက ကစားကွက်ပြန်စီးသွားကာ နေရာစုံမှ ထိုးဖောက်ကစားလာသည်။ အင်္ဂလန်အသင်း၏ အားထားရသူ အဓိကတိုက်စစ်သမား ဝိန်းရွန်နေး ခြေနာသွားသဖြင့် ဗက်ဆဲလ်နှင့် လူစားလဲလိုက်ရသည်။

ဒုတိယပိုင်း

ဒုတိယပိုင်းတွင်လည်း ပေါ်တူဂီကပင် ဆက်တိုက် ထိုးဖောက်ကစားနေသည်။ အင်္ဂလန်အသင်း အလယ်တန်းမှ ပေါလ်စခိုးအစား ဖီးလစ်နဗီးလ်၊ဂျရတ်အစား အိုဝင်ဟားဂရေ့ဗ်တို့ကို လူစားလဲသော်လည်း လူစားဝင်သူ အားလုံးခြေစွမ်းမပြနိုင်ဘဲ ဖြစ်နေသည်။ တိုက်စစ်ထက် ဂိုးမပေးရရေးအတွက် ခံစစ်သာ ကစားနေသည်။

ပေါ်တူဂီကလည်း ဒုတိယပိုင်းတွင် နာမည်ကြီးဖီဂိုကိုထုတ်ပြီး ပေါ်စတီဂါကို ထည့်ကစားသည်။ အင်္ဂလန်ပရီးမီးယားလိဂ်မှ တော့တင်ဟမ်တွင် ကစားနေသူပေါ်စတီဂါကပင် ၈၃မိနစ်၌ ခေါင်းတိုက်ပြီး ပေါ်တူဂီအတွက် ချေပဂိုး သွင်းယူလိုက်သဖြင့် တစ်ဂိုးစီသရေဖြစ်သွားသည်။

အင်္ဂလန်အသင်းချေပဂိုးပေးလိုက်ရသဖြင့် ခံစစ်ကစားနေရာမှ တိုက်စစ်အားပြုကစားလာရာ ပွဲပြီးရန် တစ်မိနစ်အလိုတွင် ဆိုးကင်းဘဲလ်ခေါင်းတိုက်သွင်းသည့်ဘောလုံး ဂိုးဝင်သွားခဲ့သော်လည်း ဆိုးကင်းဘဲလ်နှင့် ဂျွန်တယ်ရီတို့ ဂိုးသမားကို တွန်းတိုက်သည်ဟုဆိုကာ ဒိုင်က ဂိုးမပေး၍ အင်္ဂလန်အသင်း နစ်နာသွားခဲ့ရသည်။

အချိန်ပို

ပွဲချိန်စေ့သော်လည်း တစ်ဂိုးစီ သရေဖြစ်နေ၍ အချိန်ပိုကစားရသည်။ အချိန်ပို ဒုတိယပိုင်း လေးမိနစ်တွင် ပေါ်တူဂီအသင်းမှ လူစားဝင်လာသူ ရူအီကော်စတာက ဧရိယာထိပ်မှ ကန်သွင်း၍ ပေါ်တူဂီ ဒုတိယဂိုးရရှိသည်။ သို့ရာတွင် ရွှေဂိုးစနစ်မကျင့်သုံးသဖြင့် ဆက်လက်ယှဉ်ပြိုင်ကစားရာ အလယ်တန်းလူလမ်းပတ်ကန်သွင်း၍ အင်္ဂလန်အသင်း ချေပဂိုးရကာ နှစ်ဂိုးစီသရေဖြစ်သွားသည်။

ပိုင်နယ်တီကန်သွင်း

အချိန်ပိုစေ့သည်အထိ နှစ်ဂိုးစီသရေဖြစ်နေ၍ ပိုင်နယ်တီ ငါးလုံးစီကန်ရသည်။ အင်္ဂလန်အသင်းစတင်ကန်ရရာ အသင်းခေါင်းဆောင်ဒေးဗစ်ဘက်ဟမ်းကန်သည့်ဘောလုံး ဂိုးဘားပေါ်ထောင်သွား၍ နစ်နာခဲ့ရသည်။ (အုပ်စုတွင်းပြင်သစ်နှင့်ကစားသည့်ပွဲ၌လည်းဒေးဗစ်ဘက်ဟမ်း ကန်သည့် ပိုင်နယ်တီဘောလုံးကို ဂိုးသမား ဘားသက်ဇ်ကာကွယ်နိုင်ခဲ့သည်)။ အိုဝင်၊ လမ်းပတ်၊ ဂျွန်တယ်ရီနှင့်အိုဝင် ဟားဂရေ့ဗ်တို့ကန်သော ဘောလုံးများ ဂိုးဝင်ခဲ့သည်။

ထို့အတူပေါ်တူဂီမှ ရူအီကော့စတာကန်သောပိုင်နယ်တီဘောလုံးမှ အပဒီကို၊ ဆီမာအို၊ ရော်နယ်ဒိုနှင့် မီနီချီတို့ကန်သွင်းသော ဘောလုံးများ ဂိုးဝင်ခဲ့၍ ပိုင်နယ်တီ လေးဂိုးစီ သရေဖြစ်နေပြန်သဖြင့် ပိုင်နယ်တီတစ်လုံးစီ ထပ်မံကန်ရသည်။

ဗက်ဆဲလ်ဂိုးမဝင်

အင်္ဂလန်မှ အက်ရှ်လေကိုး ကန်သည့်ဘောလုံး ဂိုးဝင်သကဲ့သို့ ပေါ်တူဂီမှ ပေါ်စတီကာကန်သည့် ဘောလုံးလည်း ဂိုးဝင်၍ ပိုင်နယ်တီ ငါးဂိုးစီ သရေဖြစ်နေပြန်သဖြင့် ပိုင်နယ်တီတစ်လုံးစီ ထပ်ကန်ရသည်။ အင်္ဂလန်မှ ဗက်ဆဲလ်ကန်ရာ ပေါ်တူဂီဂိုးသမား ကာကွယ်လိုက်နိုင်၍ အင်္ဂလန်ဂိုးမရဘဲပေါ်တူဂီမှ ဂိုးသမား ရီကာဒိုကန်သွင်းသည့် ပိုင်နယ်တီဘောလုံး ဂိုးဝင်သွားသဖြင့် ပေါ်တူဂီက ပိုင်နယ်တီ ခြောက်ဂိုး–ငါးဂိုး (စုစုပေါင်း ရှစ်ဂိုး–ခုနစ်ဂိုး)ဖြင့် အနိုင်ရကာ အကြိုဗိုလ်လုပွဲသို့ တက်သွားသည်။

ပေါ်တူဂီအသင်းသည် အကြိုဗိုလ်လုပွဲအဖြစ် ဆွီဒင်နှင့်နယ်သာလန်တို့ပွဲ အနိုင်ရသည့် အသင်းနှင့်ဇူလိုင်၁ရက်၌ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နည်းပြအရည်အသွေး

အင်္ဂလန်နှင့်ပေါ်တူဂီတို့ ယှဉ်ပြိုင်ကစားသောပွဲတွင် အဓိကအားဖြင့် နည်းပြဆရာ စကိုလာရီနှင့် အဲရစ်ဆန်တို့ အရည်အသွေး အစွမ်းအစယှဉ်ပြိုင်သွားသောပွဲလည်း ဖြစ်သည်။ အားထားရသော တိုက်စစ်မှူး ဝိန်းရွန်နေး ထွက်သွားရသဖြင့် အင်္ဂလန်အသင်း နစ်နာခဲ့ရသည်။ အင်္ဂလန်အသင်းမှ လူစားလဲသူ ဗက်ဆဲလ်၊ ဖီးလစ်နဗီးနှင့် အိုဝင်ဟားဂရေ့ဗ်တို့ ခြေစွမ်းမပြနိုင်ဖြစ်ခဲ့သည်။ စကိုလာရီ လူစားလဲ မှန်ကန်မှုကြောင့်လည်း ပေါ်တူဂီ အနိုင်ရခြင်းဖြစ်သည်။ ထို့အတူ အင်္ဂလန်အသင်း၏ ကစားကွက်မှာလည်း ပြင်သစ်နှင့်ကစားစဉ်ကကဲ့သို့ပင် တိုးတက်ထူးခြားမလာဘဲ ဂိုးရပြီးနောက်ပိုင်း ခံစစ်ဖြင့်သာ ထိုင်ကစားသွား၍ ဂိုးပေးခဲ့ရသည်။

ကစားအားတက်

ပေါ်တူဂီအသင်းသည် ပွဲဦးထွက်၌ ဂရိကို ရှုံးပြီးနောက်ပိုင်း ကစားကွက်၊ ကစားအား သိသိသာသာ တိုးတက်ပြောင်းလဲလာသည်။ အင်္ဂလန်နှင့်ပွဲတွင် လူစားထည့်သွင်းခဲ့သူ ပေါ့စတီဂါနှင့် ရူအီကော့စတာတို့ နှစ်ဦးစလုံး ဂိုးများ သွင်းနိုင်ခဲ့သည်။

(ကြေးမုံ)

ပေါ်တူဂီမှ ဖီဂိုအစား လူစားဝင် ရောက် လာသော ပေါ်စတီကာက ၈၃မိနစ်တွင် အင်္ဂလန်ဘက်သို့ ချေပဂိုးကို ဤသို့ ခေါင်းတိုက်သွင်းယူခဲ့သည်။
(အင်တာနက်)

✧ **လူအားမှ**

ပွဲစဉ်များကို ချိန်ထိုးလေ့လာကြည့်ရာတွင် ဆွီဒင်က ဟော်လန်(နယ်သာလန်)ထက် ကစားအား၊ ကစားပုံ ပိုကောင်းသည်။ ကစားကွက်မှာ မတိမ်းမယိမ်းလောက်ရှိသည်။ နှစ်သင်းစလုံး ကစားခဲ့သော အုပ်စုနောက်ဆုံးပွဲစဉ်များသည် ယခုယှဉ်ပြိုင်မည့် ပွဲအတွက် အထောက်အပံ့ဖြစ်စေသော အချက်မပါ၍ ချန်လှပ်ခဲ့ခြင်းဖြစ်သည်။ ဆွီဒင်သည် ဒိန်းမတ်နှင့် ညှိကစားခဲ့သလို ဟော်လန်(နယ်သာလန်)ကလည်း လတ်ဗီးယားကို တစ်ဖက်စောင်းနင်း ကစားသွားသည်။ ထို့ကြောင့် ထည့်မတွက်ခြင်းဖြစ်သည်။

ဆွီဒင်အသင်းသည် ဟော်လန်(နယ်သာလန်)အသင်းထက် နောက်တန်းအားကောင်းသည်။ သို့သော် ညာဘက်ခြမ်းတွင် အားနည်းချက်ရှိသကဲ့သို့ အတွင်းပိုင်းတွင်လည်း မသိမသာနားလည်မှုများလွဲနေသည်။ အီတလီနှင့် ပွဲမှာ ထိုအချက်ကိုတွေ့ရသည်။ ဆွီဒင်နောက်တန်းမှာ ဂျာကော့ဘ်ဆင်၊မဲလ်ဘော့ဂ်၊ အက်မန်းနှင့်နီဆင်တို့ ကစားကြသည်။ နီဆင်က အလယ်တန်းမှနေ နောက်တန်းသို့ ဆင်းကစားပေးသောသူဖြစ်သည်။ တက်ဒီလူစစ် ဒဏ်ရာရသောကြောင့်ဖြစ်သည်။

ဆွီဒင်၏ကွင်းလယ်သည် ဟော်လန် (နယ်သာလန်)လောက် မကောင်းသော်လည်း ယှဉ်နိုင်သည်။ အေဆဗင်ဆင့်နှင့် ယွန်းဘတ်တို့သည် ခြေစွမ်းပြနိုင်သောသူများဖြစ်သည်။ ဘူဂေးရီးယားနှင့်ပွဲတွင် ဆွီဒင်၏ အလယ်တန်းသည် အကောင်းဆုံး စိုးမိုးကစားသွားသည်။ အီတလီပွဲတွင်မူ ဘူဂေးရီးယားပွဲလောက် ကစားကွက်မဆင်နိုင်ဘဲဖြစ်ခဲ့သည်။

တန်းတူယှဉ်ပြိုင်

ရှေ့တန်းမှ လာဆင်နှင့်အီဗရာဟီမိုဗစ်တို့သည် တစ်ဖက်နောက်တန်းကို အခြိမ်းခြောက်နိုင်ဆုံး တိုက်စစ်မှူးများ ဖြစ်သည်။ ဆွီဒင်အသင်းမှာ ပါဝင်ကြသော အဓိက ကစားသမားများသည် ကမ္ဘာ့ဖလားပြိုင်ပွဲဝင် အသင်းတွင် ပါဝင်ခဲ့သူများဖြစ်သည်။ အသင်းတစ်ခုလုံး၏ အနေအထားကို ခြုံငုံလေ့လာကြည့်လျှင် ဆွီဒင်သည် အသင်းကောင်းတစ်သင်းဟုဆိုနိုင်သည်။ ရေပန်းစားသော ဟော်လန်(နယ်သာလန်) အသင်းကို တန်းတူယှဉ်ပြိုင်နိုင်သည်။

ဟော်လန်သည် ဂျာမနီနှင့်ကစား သောပွဲတွင် ခြေစွမ်းမထက်သော်လည်း ချက်နှင့်ကစားရာတွင် ကောင်းသည်။ ချက်နှင့် ကစားသောပွဲတွင် ကစားပုံ၊ ကစားဟန်၊ ကစားကွက်တို့ ကောင်းကြသည်။ သို့သော် ဟော်လန်(နယ်သာလန်)၏ နောက်တန်းသည် တစ်ယောက်နှင့် တစ်ယောက်နားလည်မှုလွဲပြီး အထနှေးသည်။ ဂျာမနီနှင့် ကစားစဉ်က ကွင်းလယ်ကစားကွက်ပျောက်နေသလောက် ချက်နှင့်ပွဲတွင် ပီပီပြင်ပြင် ကစားနိုင်သည်။ ထိုပွဲတွင် ရော့ဘင်အကောင်းဆုံး ခြေစွမ်းပြကစားသည်။

ဟော်လန်ဂိုးသမားဗန်ဒါဆားသည် ဆွီဒင်ဂိုးသမားလောက် မကောင်းချေ။ နောက်တန်းမှာ ကိုကူး၊ ဂျက်စတမ်း၊ ဗန်ဘရွန်ခရော့စ်တို့ကို အမာခံထားကစားသည်။ ဟော်လန်(နယ်သာလန်)၏ ဘယ်ခြမ်းက အားပျော့သည်။ ဂျာမနီနှင့်ပွဲတွင်လည်းကောင်း၊ချက်နှင့်ပွဲတွင်လည်းကောင်းဟော်လန်(နယ်သာလန်)၏ နောက်တန်းအလယ်သည် ဟာနေသည်။ ပြိုင်ဘက် တိုက်စစ်မှူးများသည် ၎င်းအချက်ကို အခွင့်ကောင်းယူ၍ ထိုးဖောက်ကစားသည်။ ဂိုးရအောင် ဖန်တီးခဲ့ကြသည်။

ချက်နှင့်ကစားသောပွဲအရ ဟော်လန်(နယ်သာလန်)၏ အလယ်တန်းသည် ဆွီဒင်ထက်ပိုကောင်းသည်။ အက်ဂါဒေးဗစ်၊ ဆီးဒေါ့ဖ်၊ ရှနိုက်ဒါ(သို့) ဇန်ဒန်းတို့သည် အကောင်းဆုံးအတွဲများ ဖြစ်သည်။

ရှေ့တန်းမှာ နစ္စတယ်ရွိုင်း၊ ဗန်ဒါမေဒီ၊ ရော့ဘင်တို့သည် အင်အားတောင့်တင်းသောတိုက်စစ်အတွဲများဖြစ်သည်။ တစ်ခါတစ်ရံ ဗန်ဒါဝတ်သည်လည်း နစ္စတယ်ရွိုင်းနှင့် တွဲဖက်ကစားသည်။

နှစ်သင်းစလုံး၏ ဂိုး၊ နောက်၊ အလယ်၊ ရှေ့တို့ကို နှိုင်းယှဉ်ကြည့်ရာတွင် ဟော်လန်(နယ်သာလန်)သည် ဂိုး၊နောက်တန်းမှလွဲ၍ကျန်နေရာများတွင် အားသာလျက်ရှိသည်။ သို့သော် ဟော်လန်(နယ်သာလန်)နည်းပြဆရာ အက်ဗ်ဗိုကက်သည် ချက်နှင့်ပွဲမှာကဲ့သို့ လူစားလဲမမှားဖို့လိုသည်။ ချက်နှင့်ပွဲတွင် ဟော်လန်(နယ်သာလန်)သည် နှစ်–တစ်ဖြင့် ဦးဆောင်ထားသည်။ ထိုစဉ် အသင်းတွင် အကောင်းဆုံး ကစားနေသော ရော့ဘင်ကို ထုတ်ပစ်လိုက်သည်။ ဟော်လန်(နယ်သာလန်)၏တိုက်စစ်သည် ချက်ချင်းဆိုသလို ကျိုးကျသွားသည်။ နောက်ဝင်လာသည့် ပေါလ်ဘော့စပတ်သည် ရော့ဘင်လောက် လှုပ်ရှားမကစားနိုင်တော့ချေ။ တောင်ပံများမှလည်း ထိုးဖောက်မကစားနိုင်ဘဲ ဖြစ်သွားသည်။ ထို့ကြောင့် ဟော်လန်(နယ်သာလန်)နည်းပြဆရာ အက်ဒ်ဗိုကက်သည် ထိုကဲ့သို့သော အမှားမျိုးကို ထပ်မံ ကျူးလွန်ဦးမည်ဆိုပါက ဟော်လန်(နယ်သာလန်) ကွာတားဖိုင်နယ်တွင် ကျန်ရစ်ခဲ့ဖို့ အလားအလာများသွားပေလိမ့်မည်။

ဆွီဒင်နည်းပြဆရာများသည် ၎င်းတို့၏ ကစားကွက်ကို ချည့်နဲ့အားနည်းသွားအောင် ဟော်လန်(နယ်သာလန်) လုပ်သကဲ့သို့ မလုပ်တတ်ပေ။ ကောင်းနေသော ကစားကွက်ကို မဖျက်ဆီးဘဲ ကစားတတ်သည်။ ထို့ကြောင့် ကစားခဲ့သော ပွဲစဉ်တစ်လျှောက်တွင် ဆွီဒင်သည် တည်ငြိမ်နေခြင်းဖြစ်သည်။ အီတလီ၊ ဘူဂေးရီးယား၊ ဒိန်းမတ်တို့ပွဲတွင် ၎င်းအရည်အသွေးကို တွေ့ရသည်။

လောလောဆယ် နှစ်သင်းကစားပုံတွင် ဆွီဒင်ကောင်းသည်။ သို့သော် လူအနေအထား၊ ကစားပုံ၊ ကစားကွက်များကို ယှဉ်ကြည့်ရာတွင် ဟော်လန်(နယ်သာလန်)က သာသည်။ ဆွီဒင်၏နည်းဗျူဟာသည် ခံစစ်မှ လျှပ်တစ်ပြက်တိုက်စစ်ကစားခြင်းဖြစ်သည်။ ဆွီဒင်၏ တန်ပြန်တိုက်စစ်သည် မြန်ဆန်သွက်လက်သည်။အထနှေးသော ဟော်လန်(နယ်သာလန်)နောက်တန်းအတွက် စိုးရိမ်စရာဖြစ်သည်။ ၎င်းအချက်ကို ဟော်လန်မည်သို့ ထိန်းမလဲ။ ထိန်းနိုင်လျှင် ဟော်လန်(နယ်သာလန်) အပေါ်စီးရပြီဖြစ်သည်။

ဟော်လန်(နယ်သာလန်)၏ နည်းဗျူဟာမှာ ကွင်းလယ်ကစားကွက်ဖြင့် ထိုးဖောက်ကစားခြင်းဖြစ်သည်။ ရံဖန်ရံခါမှ လျှပ်တစ်ပြက် တန်ပြန်တိုက်စစ်ကစားတတ်သည်။ ယခုပွဲတွင် ဟော်လန်(နယ်သာလန်)က ကွင်းလယ်ကို စိုးမိုးကစားနိုင်ပြီး နစ္စတယ်ရွိုင်း ခြေစွမ်းပြနိုင်ပါက အနိုင်ရနိုင်သည်။ လူအား၊ ကစားကွက်အားသာသော ဟော်လန်(နယ်သာလန်)သည် ယခုပွဲတွင် ခြေစွမ်းပြပြီး ထိုက်ထိုက်တန်တန် ဆီမီးဖိုင်နယ် တက်နိုင်လိမ့်မည်ဟု ယူဆရပေသည်။ ။

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၆-၆-၂၀၀၄ (စနေနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **အဘိဓေ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ အကပြိုင်ပွဲ
- ၈:၀၅ ၆။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၈:၂၀ ၇။ ပသောင်းတံတား
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ Grammar Made Easy.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၃၀ ၃။ ပြည်တွင်းသတင်း
- ၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၁၂:၀၅ ၅။ တစ်ပတ်အတွင်းရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်
- ၁:၃၅ ၆။ **နိုင်ငံခြားဇာတ်လမ်းတွဲ သစ္စာချစ်ပန်း(အပိုင်း–၃)**
- ၂:၁၀ ၇။ မူးယစ်ဝါး ပပျောက်ရေး အထိမ်းအမှတ်ပြတိုက်
- ၂:၂၀ ၈။ **ရက်စက်တယ်တဲ့လား (မျိုးမောင်မောင်၊ သီဟ၊ စုလှဲ့စန္ဒာ၊ ရီးရီး) (ဒါရိုက်တာ–ရီးရီး)**
- ၂:၃၅ ၉။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၂:၄၅ ၁၀။ International News.
- ၃:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ English For Everyday Use.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –တတိယနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
- ၅:၁၅ ၆။ အိမ်တွင်းမှုသိပ္ပံ တိုင်းရင်းသား ရိုးရာအစားအစာ (ဗမာ)
- ၅:၂၀ ၇။ တေးဂီတအစီအစဉ်
- ၅:၃၅ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
- ၆:၀၀ ၉။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တေးများ
- ၆:၁၀ ၁၀။ တားဆီးကာကွယ် မူးယစ်အန္တရာယ်
- ၆:၂၀ ၁၁။ တောင်ဇလပ်ပန်း ပွင့်လန်းဝေဆာ သွေးချင်းတို့ဌာနေမှာ
- ၆:၃၀ ၁၂။ ညနေခင်းသတင်း
- ၇:၀၀ ၁၃။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၄။ Discovery
- ၇:၁၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှင်းပွင့် (အပိုင်း–၂၃)**
- ၇:၄၀ ၁၆။ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲ (မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်)
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ နှလုံးသားထဲက တစ်ခုတည်းသော အချစ် (အပိုင်း–၁)**
- ၁:၁၅ ၂၁။ **EURO 2004 ဘောလုံးပွဲ တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဆွီဒင်နှင့်ဟော်လန်)**
- ၂၂။ နောက်တစ်နေ့အစီအစဉ်
- ၂၃။ အစီအစဉ်ပြီး၏။

မှတ်သားဖွယ်ရာမိုးရေချိန်များ

(၂၅–၆–၂၀၀၄)

ဘားအံ	–	၅ ဒသမ ၈၇ လက်မ
ပွ	–	၄ ဒသမ ၈၄ လက်မ
စစ်တွေ	–	၄ ဒသမ ၅၇ လက်မ
ကော့ကရိတ်	–	၄ ဒသမ ၅၃ လက်မ
ထားဝယ်	–	၄ ဒသမ ၀၂ လက်မ
သံတွဲ	–	၄ ဒသမ ၀၂ လက်မ
ကျောက်ဖြူ	–	၃ ဒသမ ၉၈ လက်မ

အလှူတော်ငွေလက်ခံ

ဇွန်၉ရက်က အမှတ် A/6 အဏ္ဏဝါလမ်းသွယ်(၁)လမ်း ညောင်တန်းအိမ်ရာ ပုဇွန်တောင်မြို့နယ်နေ ကိုဇော်မင်းအုန်း–မကေသွယ်ခင်တို့က (၂) နှစ်မြောက် မင်္ဂလာ အထိမ်းအမှတ်အဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ထာဝရဆွမ်း၊ဆေးပဒေသာပင်နှင့် ဆေးကုသမှု အထူးရန်ပုံငွေတို့အတွက် အလှူတော်ငွေကျပ် နှစ်သိန်း တစ်သောင်းလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးဝင်းထိန်က လက်ခံယူစဉ်။ (က–ပ)

မန္တလေးမိုး

မန္တလေးမြို့နှင့် အနီး တစ်ဝိုက်တွင် ယနေ့ နေရာ ကွက်ကျား မိုးထစ်ချုန်းရွာ နိုင်သည်။ ရွာရန်ရာနှုန်း (၆၀)ဖြစ်သည်။

သာကေတမြို့နယ် ၁၀/တောင်ရပ်ကွက် သီတာရုံ ကျောင်းတိုက်အတွင်း မဟာဝိဇယကာရီ ရတနာ သိမ်တော်ကြီး ဆောက်လုပ်ရန်အတွက် ဇွန်၁၈ရက်က ရန်ကုန်မြို့ ဦးထုံရွှေပန်းထိမ် ရတနာ ရွှေဆိုင်မှ ရွှေပန်းထိမ်ဆရာကြီး ဦးထုံ၏အသက်(၈၂)နှစ် ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဦးထုံနှင့် သားသမီး တစ်စုတို့က အလှူငွေကျပ် ၇၈၀၀၀၀ကို သီတာရုံကျောင်းတိုက်ဆရာတော်ထံသို့ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

(၅၁) နှစ်မြောက်မွေးနေ့ မင်္ဂလာဆုတောင်း

ဦးမြင့်



ထိမ်းမြားလက်ထပ်မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

မိတ္ထီလာမြို့၊ မင်းရပ်၊ ရုပ်ရှင်ရုံလမ်း၊ အမှတ်(၆၄)နေ
(ဦးဘအုန်း)–ဒေါ်အုန်းမြင့်တို့၏သားထွေး

မောင်ဇော်လင်း B.Sc(Hons)(Physics),M.Sc(Q)

Carnival Cruise Lines, Miami, Florida, U.S.A

နှင့်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြန်မာ့အသံရိပ်သာ၊ ဟံသာဝတီလမ်း၊ တိုက်(၁)၊ အခန်း(၂)နေ (ဦးကိုကိုကြီး)B.A,B.L,D.M.A,Advanced Electronic(U.S.A) ညွှန်ကြားရေးမှူး(ရုပ်မြင်သံကြား)(ငြိမ်း)–ဒေါ်တင်လှ B.A(Hons.) M.A,M.S(Columbia)ညွှန်ကြားရေးမှူး(ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန)(ငြိမ်း)တို့၏တစ်ဦးတည်းသောသမီး

မသီဂီမြင့်(ခ)မခင်ရီဝင်း B.Ag.,H.G.P,Dip.in French(U.F.L)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

တို့၏ ၂၀–၆–၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် Traders Hotel ၌ ကျင်းပပြုလုပ်သော ထိမ်းမြားလက်ထပ်မင်္ဂလာညှော်ခံပွဲ အခမ်းအနားသို့ မင်္ဂလာလက်ဖွဲ့များချီးမြှင့်ပါသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် ဇနီး ဒေါ်မြမြစန်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ စုလျားရစ်ပတ်ထိမ်းမြားပေးသော အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဗိုလ်မှူးကြီးစောမြင့်(ငြိမ်း)နှင့် ဇနီး ဒေါ်တင်တင်၊ မင်္ဂလာအောင်စံပယ်ပန်းကုံးချီးမြှင့်ပေးပါသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယဝန်ကြီး(ငြိမ်း) ဦးကျော်တင်နှင့် ဇနီး ဒေါ်စုစု၊ မင်္ဂလာလက်စွပ်ဆင်မြန်းပေးပါသော ဆိပ်ကမ်းကုန်တင်ကုန်ချစွမ်းအားပြည့် ကော်မတီဝင် ဗိုလ်မှူးကြီးဝေလင်းနှင့်ဇနီးဒေါ်ဌေးရီ၊ ကိုယ်တိုင်ကြွရောက်ချီးမြှင့်ပေးကြပါသော ပြန်ကြားရေးဝန်ကြီး(ငြိမ်း)ဗိုလ်မှူးချုပ်မျိုးသန့်၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး(ငြိမ်း) ဗိုလ်မှူးချုပ်အေးဘယ်လ်နှင့် ဇနီး ဒေါ်ခင်သိန်းမူ၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး(ငြိမ်း)ဦးကိုလေးနှင့် ဇနီး ဒေါ်ခင်ခင်၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနဝန်ကြီး (ငြိမ်း)ဦးခင်မောင်သိန်း၏ဇနီးဒေါ်မူမူသိန်း၊ ရှေးဟောင်းသုတေသနဦးစီးဌာနညွှန်/ချုပ်(ငြိမ်း) ဒေါက်တာခင်မောင်ညွှန့်နှင့်ဇနီးဒေါ်လှလှခင်၊ ဦးအောင်ဇေနှင့်ဇနီး၊ စစ်ဘက်နယ်ဘက်မှ အကြီးအကဲများနှင့်ဇနီးများ၊ မန္တလေးအသင်းဥက္ကဋ္ဌ ဦးမောင်မောင်ကြီး အစ်မဒေါ်တင်တင်လှ၊ အတွင်းရေးမှူး ဒေါ်မြင့်မြင့်စိန်နှင့်အမှုဆောင်များ၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် နှစ်ဖက်သောဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာပန်းကြဲပေးသော မယုဇနဝမ်း၊ မင်္ဂလာ အခမ်းအနားမှူး ဦးစိန်လွင်လေး၊ စန္ဒရားဦးကွန်းဇော်နှင့်အဖွဲ့၊ သတို့သား၊ သတို့သမီးအရံ ကိုအောင်နိုင်စိုး၊ ကိုသန့်ဇင်နိုင်၊ မခင်မိုးဥ(MRTV)၊ မခင်စန္ဒာမြင့်(MRTV)၊ မိတ်ကပ်ကိုမာ၊ ချိုလေး၊ ပန်းအလှပြင် မစန်းစန်းဦး၊ ဒေါ်ယဉ်ယဉ်လှ (MRTV)၊ ဓာတ်ပုံဗီဒီယိုလင်းလင်း၊ ဦးထွန်းရီ(ပန်းသာ)နှင့်အဖွဲ့၊ Traders Hotel မှဝန်ထမ်းများ၊ ထိမ်းမြားလက်ထပ်မင်္ဂလာညှော်ခံပွဲ ဖြစ်မြောက်အောင်မြင်ရန် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူများ အားလုံးတို့အား လှိုက်လှဲစွာကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်လင်း–မသီဂီမြင့်(ခ)မခင်ရီဝင်း။

စူပါသတင်းဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၅

မထင်မှတ်ဘဲ သရုပ်ဆောင်ဖြစ်လာတဲ့ ဆုမြတ်ရွှေစင်၊ မြန်မာပရိသတ်ကိုပထမဦးဆုံးမိတ်ဆက်ခဲ့တဲ့ ကိုရီးယား သရုပ်ဆောင်မာရှီနေး၊ ရုပ်ရှင်ဘောလုံးအသင်းရဲ့ ငှက်မြန်လေး ပိုင်ဇေရဲထွန်း၊ ဂရေဟာမ်နှင့် သူ့ဘဝ၊ သူ့အတွေး၊ သူ့အနုပညာ၊ မျိုးစန္ဒီကျော် ဗီစီဒီ မရိုက်ဖြစ်တဲ့ အကြောင်း၊ နေမျိုးဆေးနဲ့ ယူရို–၂၀၀၄၊ ငြိမ်းမင်းနှင့် မေးခွန်းတစ်ခု၊ စင်ရော်မောင်မောင် ကားထုပ်ပိုက်ပြန်လာမယ့်နေ့၊ နာမည်ကျော် ကိုရီးယား သရုပ်ဆောင်တွေရဲ့ ငယ်ဘဝပုံရိပ်လွှာစသော ပြည်တွင်း၊ ပြည်ပ ရုပ်ရှင်ဂီတ အနုပညာရှင်စူပါတို့၏ ဘဝအလှဒသနများကို စုစည်းဖော်ပြထားသည့် "စူပါ" သတင်းဂျာနယ်အား ဆင်တောင်ကြီးစာပေ၊ အမှတ်(၄၁)၊ ၂၉လမ်း၊ ရန်ကုန်မြို့က ယနေ့ဖြန့်ချိကြောင်း သိရသည်။

(က–ပ)

အိမ်စီးကားသန့်ရောင်းမည်

1.8 Exsaloon –ပ
Corona 84/85
Laurel Diesel
Manual 91-ခခ
Ph: 098030907

feel (EXCEL)

(Basement of Excel Shopping Mall)

Burger နှင့်အတူ

ဂိုဒေါင်ငှားမည်

ရွှေပြည်သာ၊ စက်မှုဇုန်(၃)၊ နေရာကောင်း၊ မြေ(၂)ဧက၊ ဂိုဒေါင် 100x180 ၊ မီး 315 KPA၊ ဈေးနှုန်းညှိနှိုင်း၊

ဖုန်း–၆၈၀၄၃၄–၀၉၅၀၀၁၁၇၅

ရန်ကုန်မြို့ ... ရန်ကုန်နှမ်းဆီ ...

09-5003646

(01) 382323, 382337 , 251230, 681310, 663317, 660283, 02 - 80227

ကံ့ ... အထည်ဆိုင်

သစ်တော်
ကြယ်ရောင်ဆူး

တေးရေး-သစ်တော်
ကိုယ်ပိုင်သံစဉ်သီချင်းများ
BAND ... STUDIO

ရွှေသမင်



နတ်တလင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျောက်ချောလမ်းခင်း ဆောင်ရွက်လျက်ရှိသော နတ်တလင်း-တာပွန် ကျေးလက်လမ်းပေါ်ရှိ ကြို့လေးပင် ကျေးလက်တံတားကို ပဲခူးတိုင်း(အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့်အဖွဲ့ ဇွန် ၁၁ ရက်က စစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်မြင့်နှင့် တာဝန်ခံအင်ဂျင်နီယာတို့က ရှင်းလင်းပြသစဉ်။ (မြို့နယ်စည်ပင်)

အထက်တန်းကျောင်းများအတွက် ကွန်ပျူတာများ လှူဒါန်း ချို့တဲ့ကလေးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်

ကျိုင်းတုံ ဇွန် ၁၅

၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် ကွန်ပျူတာ ပေးအပ်လှူဒါန်းပွဲနှင့် ချို့တဲ့ကလေးများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၂ရက် နံနက် ၈နာရီတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က အမှာစကားပြောကြားပြီး ကွန်ပျူတာ လိုအပ်နေသော အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းအတွက် ကျပ် ၂၆၄၀၀၀၀ တန်ဖိုးရှိ ကွန်ပျူတာ ရှစ်လုံးကို ပေးအပ်လှူဒါန်းရာ တွဲဖက် ပြည်နယ်ပညာရေးမှူး ဆရာကြီး ဦးစောထွန်းက လက်ခံရယူသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အရှေ့ပိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီ နာယက တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက ချို့တဲ့ကလေးများအတွက် ပညာသင်ထောက်ပံ့ကြေးငွေ ကျပ် ၂၈၉၀၀၀၀ ကိုလည်းကောင်း၊ ဆက်လက်၍ မိုင်းဖြတ်ခရိုင်၊ မိုင်းဆတ်ခရိုင်နှင့် တာချီလိတ်ခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ ချို့တဲ့ကလေးများအား ပညာသင်ထောက်ပံ့ကြေးငွေ ၂၀၇၇၂၆၅ ကျပ်ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ ရှမ်းပြည်နယ် အရှေ့ပိုင်း တွဲဖက်ပြည်နယ်ပညာရေးမှူး ဆရာကြီး ဦးစောထွန်းက လက်ခံရယူသည်။

ထို့နောက် ပညာရေးဝန်ကြီးဌာနမှ ကျပ် ၁၂၀၉၀၀၀ တန်ဖိုးရှိ သူငယ်တန်းဖတ်စာအုပ်အစုံ ၉၃၀၀ ကို တွဲဖက်ပြည်နယ် ပညာရေးမှူးဆရာကြီး ဦးစောထွန်းက ပေးအပ်ရာ မြို့နယ်ပညာရေးမှူး ဦးဆလိုင်းချစ်စိန်က လက်ခံရယူသည်။

(ခရိုင်ပြန်/ဆက်)

ကယားပြည်နယ် ရဲတပ်ဖွဲ့၏ ပြည်နယ်အဆင့် ရဲကျင့်ဝတ်ရေးဖြေ စာမေးပွဲကို ဇွန် ၆ ရက်က လွိုင်ကော်မြို့ အမှတ်(၆) အခြေခံပညာအလယ်တန်းကျောင်းတွင်ကျင်းပရာပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးသိမ်းစိုးနှင့် ဒု-ပြည်နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး မိုးကျော်တို့ ကြည့်ရှုအားပေးစဉ်။ (၄၄၆)

အိမ်တွင်းမှု သက်မွေးလုပ်ငန်း သင်တန်းဖွင့်

ဟားခါး ဇွန် ၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန၊ ချင်းပြည်နယ် ဟားခါးမြို့ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာ အခြေခံ သင်တန်း အမှတ်စဉ်(၂၅/၂၀၀၄)နှင့် အဆင့်မြင့်သင်တန်း အမှတ်စဉ်(၈/၂၀၀၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို မေ ၂၇ ရက် နံနက် ၉ နာရီက ဟားခါးမြို့ အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး တင်လှက သင်တန်းဖွင့် အမှာစကားပြောကြားသည်။ အဆိုပါသင်တန်းသို့ ဟားခါး၊ ထန်တလန်မြို့နယ်များနှင့် ကျေးလက်ဒေသများမှ အခြေခံသင်တန်းသူ ၂၈ဦးနှင့် အဆင့်မြင့် သင်တန်းသူ နှစ်ဦးတို့ တက်ရောက်သင်ယူကြပြီး သင်တန်းကာလ ၁၄ ပတ်ကြာမြင့်မည်ဖြစ်သည်။

(ခရိုင်ပြန်/ဆက်)

ကျန်းမာရေး ပညာပေးဟောပြော

ရွှေကျင် ဇွန် ၂၁

ရွှေကျင်မြို့နယ် သံဆိပ်ကျန်းမာရေးဌာနက အင်္ဂနီကျေးရွာ တွဲဖက်အလယ်တန်းကျောင်းတွင် ဇွန် ၁၆ ရက်က ကျန်းမာရေးပညာပေး ဟောပြောသည်။

အဆိုပါ ဟောပြောပွဲတွင် သံဆိပ်ကျန်းမာရေးဌာနမှ ကျန်းမာရေးမှူး ဦးချစ်ဝင်းက ရေကောင်းရေသန့် သုံးစွဲရေး၊ ယင်လုံအိမ်သာ သုံးစွဲရေးနှင့် ဆေးလိပ်သောက်ခြင်း၏ အန္တရာယ်များကို ဟောပြောပြီး ကျန်းမာရေးဆရာမကြီး ဒေါ်သန်းဆင့်က တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်းတို့ကို ဟောပြောသည်။

(၄၇၀)

မြို့နယ်သတင်းများ

အခြေခံပညာ မူလတန်းကျောင်း ဆိုင်းဘုတ်တင်

ရမည်းသင်း ဇွန် ၂၀

ရမည်းသင်းမြို့နယ် ရွှေဒါး-ဝွေးကုန်းကျေးရွာအုပ်စု ဆည်တွင်းကျေးရွာ ကြံတိုင်းအောင်ကျောင်းတိုက် ပဓာနနာယက ဆရာတော်ကြီး ဦးဝိစိတ္တနှင့် အလှူရှင်များ စုပေါင်းလှူဒါန်းပြီး ကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ဦးစီးဖွင့်လှစ်သည့် အခြေခံပညာ မူလတန်းကျောင်း ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို ဇွန် ၁၀ ရက် နံနက် ၉ နာရီတွင် အဆိုပါကျောင်း အဆောက်အအုံ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ လက်ထောက်မြို့နယ်ပညာရေးမှူး ဦးကြိုင်၊ ရွှေဒါး အလယ်တန်း ကျောင်းအုပ်ဆရာကြီး ဦးသာညွန့်နှင့် ဆရာ၊ ဆရာမများ၊ မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များ၊ ကျေးရွာဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်/ကျေး စည်းရုံးရေးမှူးနှင့် အဖွဲ့ဝင်များ၊ ကျောင်းကော်မတီဝင်များ၊ အလှူရှင်များနှင့် ကျောင်းသား၊ ကျောင်း သူများ တက်ရောက်ကြသည်။

ဆိုင်းဘုတ်စိုက်ထူ

ရေးဦးစွာ လက်ထောက်မြို့နယ်ပညာရေးမှူးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်များနှင့် ကျေးလက်ပြည်သူများက ကျောင်းဆိုင်းဘုတ်အား ဝိုင်းဝန်းစိုက်ထူကြပြီးနောက် ကျောင်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပသည်။

အဆိုပါ ကျောင်းမှာ အလျား ၆၃ ပေ၊ အနံ ၃၆ ပေကျယ်ဝန်းကာ သွပ်မိုးသမံသလင်းခင်းနံရံကပ်ဖြစ်ပြီး ကြံတိုင်းအောင် ဆရာတော်ကြီးက မြေသုံးဧကနှင့် အလှူငွေကျပ် သိန်း ၂၀၊ အလှူရှင်များက ငွေကျပ် ၁၅ သိန်း၊ စုစုပေါင်း ငွေကျပ် ၃၅ သိန်း ကုန်ကျခံကာ ဇူလိုင်လကုန်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

(၁၁၅)

ဂန့်ဂေါမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အတွင်း ကျောင်းအပ်နှံမှု လိုက်လံကြည့်ရှု

ဂန့်ဂေါ ဇွန် ၁

ဂန့်ဂေါမြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်ပညာရေးမှူး ဦးဆန်လုံး၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးဗိုလ်ထွေး၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ကြည်ဝင်း၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါ်ခင်ပိုတို့သည် မေ ၂၈ရက် နံနက်တွင် ဂန့်ဂေါမြို့နယ်အတွင်းရှိ အလယ်တန်းကျောင်း၊ မူလတန်းကျောင်းများတွင် ကျောင်းသား၊ ကျောင်းသူများ အပ်နှံလက်ခံခြင်းကို လိုက်လံကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကျောင်းသီးသီး၌ ကျင်းပသည့် ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်များ၊ စာရေးကိရိယာများ၊ ကျောင်းအသုံးအဆောင်များ ပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်သည်။ ထို့နောက် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့သည် မြို့နယ်ပညာရေးမှူးရုံးရှေ့၌ ပြုလုပ်သည့် 'ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းနေရေး၊ မိဘပြည်သူဝိုင်းကူပေး' ဆိုင်းဘုတ်စိုက်ထူပွဲသို့ တက်ရောက်ကြသည်။

(၄၆၅)

ကရင်ပြည်နယ် ဘားအံမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သား၊ သမီး ၅၅၂ဦးအား ပညာသင်စရိတ်ငွေကျပ် ၂၅၇၁၀၀၀ ကို မြို့နယ်စစ်မှုထမ်းဟောင်း စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဗိုလ်ကြီးကျော်ဇော(ငြိမ်း)က ထောက်ပံ့ပေးအပ်စဉ်။ (က-ပ)

စီမံကိန်းသီးနှံ စိုက်ပျိုးမှု တာဝန်ပေး

ကလေး ဇွန် ၂၄

စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေးမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းသီးနှံများ တာဝန်ပေးအပ်ပွဲကို ဇွန် ၁၂ရက်က ကလေးမြို့နယ် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးသိန်းဌေးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်/ကြပ်ကော်မတီဝင်များ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဝန်ထမ်းများနှင့် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးခင်မောင်ညွန့်တို့ တက်ရောက်ကြသည်။

—— စိုက်ပျိုးမည် ——

အစည်းအဝေးတွင် မြို့နယ်ဥက္ကဋ္ဌက ရပ်ကွက်/ကျေးရွာအုပ်စု ဥက္ကဋ္ဌများအား တာဝန်ခွဲဝေပေးအပ်သည်။ ကလေးခရိုင် ကလေးမြို့နယ်တွင် ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းသီးနှံစိုက်ပျိုးရာ၌ မိုးစပါးစိုက် ဧက ၈၅၀၀၀ ကျော်တို့ကိုလည်းကောင်း၊ နွေစပါးစိုက်ဧက ၆၀၀၀ ကျော်ကိုလည်းကောင်း စိုက်ပျိုးသွားကြမည်ဖြစ်ကြောင်း သိရသည်။

(၄၅၇)

ဆည်ရေမြောင်း သန့်ရှင်းရေးဆောင်ရွက်

ဝမ်းတွင်း ဇွန် ၇

